# ပြန်လည် ကြွလာခြင်း သတင်းကောင်း
Herald of His Coming

## ဤအချိန်နာရီအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်ရှိသည်
(God Has A Word For This Hour)

လူသားတို့၏ သမိုင်းတွင် ဤအချိန်နာရီသည် အလွန်ထူးခြားသည်။ ဤကမ္ဘာလောက၌ နိမိတ်မကောင်းသောလှုပ်ရှားမှုများ ရှိကြသည်။ သို့သော် ကျွန်ုပ်သည် မေးခွန်းမေးရန် ခိုင်းစေခြင်းကို ခံရပါသည်။ ဤအချိန်နာရီအတွက် ဘုရားသခင် ဘာအစီအစဉ်မှ မရှိဘူးလား။ အသင်းတော်က ဘာသတင်းစကားမှ မရှိဘူးလား။ ဤအချိန်နာရီတွင် ဝိညာဉ်ရေးကို ပြန်လည်ရရှိခြင်းနှင့် ပတ်သက်သည်။ ဘုရားသခင်ထံမှ စကားတစ်ခွန်းမှ မရှိဘူးလား။ မရှိပါက ဤအရာသည် သမိုင်း၌ ပထမဦးဆုံးအကြိမ် ကောင်းကင်အောက်၌ အကြီးမားဆုံးသော အကြပ် အတည်း ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဘုရားသခင်သည် ကမ္ဘာမြေကို ရေနှင့်လွှမ်းမိုး ဖျက်ဆီးခဲ့ခြင်းမတိုင်မီက ကိုယ်တော်သည် နောဧကို သတိပေးသော သတင်းစကားပြောခဲ့သည်။ ဘုရားသခင်သည် အီဂျစ်ပြည် ကို စီရင်ခဲ့သောအခါ ကိုယ်တော်သည် မောရှေနှင့် အာရုန်၏ နှုတ်ခမ်းများအပေါ် ကြီးမြတ်သော ကြေငြာချက်တစ်ခုနှင့် ပို့ဆောင်ခဲ့သည်။ ဣသရေလနှင့် ယုဒပြည်၌ ခက်ခဲသောအချိန်များတွင် ဘုရားသခင်သည် ဧလိယ၊ ဟေရှာယနှင့် ယေရမိကို မြှင့်တင်ပေးခဲ့သည်။ သူတို့ အသက်ရှင်ခဲ့သော အချိန်နာရီ အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရရှိခဲ့ကြသည်။ (ဟေဗြဲ ၁၁း၇၊ ထွက်မြောက် ၅း၁၄၊ ၃ ဓမ္မရာ ၁၇း၁)။

သို့ဖြစ်၍ ဤအချိန်နာရီအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်ရှိသည်။

### နောင်တရရန်အတွက်ခေါ်ခြင်း
(A Call to Repentance!)

ကျွန်ုပ်တို့သည် အရေးကြီးသော အချိန်နာရီတွင် နေထိုင်နေကြသည့်အပေါ် လူများတို့သည် နိုးထလျက် ရှိကြသည်။ သို့ဖြစ်၍ ဘုရားသခင့်ထံသို့ ကျွန်ုပ်တို့အား ပို့ဆောင်ရန် ကျွန်ုပ်တို့နိုင်ငံ၏ အကြီးမားဆုံးသောလိုအပ်ချက်သည် နိုးထမှုတခု ပင်ဖြစ် သည်။ အသင်းတော်များအပေါ် အသစ်သောဝိညာဉ်တော်ကြွဆင်းမှုအတွက်နှင့် ဘုရားသခင်၏ ပါဝင်ပတ်သက်ပေးနေသော ဂရုဏာတော်များအတွက် တောင်းခံနေခြင်းများနှင့် ဘုရားသခင်ထံတော်သို့ ကိုယ်စားပြုတောင်းခံခြင်းသည် ပိုမို များပြားလျက် ရှိသည်။

ဝိညာဉ်တော်တန်ခိုး ကျဆင်းသွားသည်ဟု ခံစားရတိုင်း အဓိကအကြောင်းအရင်းက အသင်းတော်၌ အပြစ်ရှိသောကြောင့်ဖြစ်သည်။ ကမ္ဘာ၌ အခြေအနေများ၏ အရင်းအမြစ်သည် ခရစ်ယာန်တစ်ဦးစီတို့၏ အပြစ်များကြောင့်ဖြစ်သည်။ ဤအချိန် အခါသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လှုံ့ဆော်မှုအားဖြင့် တောက်လောင် နေသော သတင်းစကားများ ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို မကြောက်ဘဲ လူတို့တရားဟောပြောခဲ့ခြင်းဖြင့် နေရာတိုင်း၌ လူတိုင်းကို နောင်တရရန် ခေါ်နေသော အချိန်ဖြစ်သည်။

### ဝန်ခံခဲခြင်းမရှိသော အပြစ်များ
(A Call to Repentance)

ဤအချိန်နာရီအတွက် ဘုရားသခင်၏ အစီအစဉ်တွင် နောင်တရခြင်း ပါဝင်သည်။ နောင်တရခြင်းသည် ခရစ်ယာန်များနှင့် စတင်ရမည်။ မိမိတို့၏ လောကီရေးရာနှင့်ဆိုင်သော အရာများ၊ ဆုတောင်းခြင်း မရှိ၊ တမူထူးခြားခြင်းနှင့် အန္တရာယ်ရှိသော ပျင်းရိခြင်းနှင့် အိပ်ခြင်းမှ နောင်တ ရလျက် လည့်ပြန်သောသူများ ဖြစ်သည်။ သူတို့၏ သွေးသားနှင့်ဆိုင်သော ရာထူး၊ နေရာအတွက် ကြိုးပမ်း နေခြင်းနှင့် အသင်းတော်၌ ကြောက်မက်ဘွယ်ရာ ရန်ဖြစ်ခြင်းများ၊ ဘာသာရေးနှင့်ဆိုင်သော မနာလိုမှုများမှ နောင်တရကြရမည်။ နောင်တရခြင်းမရှိ၊ အပြစ်ဝန်ချတောင်းပန်ခြင်း မရှိသော ဘုရားသင်၏လူများသည် အသင်းတော်ကို တိတ်ဆိတ်စေပြီး လူများအား နှင်ထုတ်သည်အထိ ဖြစ်သွားသည်။

ဘုရားသခင်၏ ရှေးဟောင်း ပရောဖက်များနှင့် တမန်တော်များကဲ့သို့ ပလ္လင်တော်ကို မိုးချုန်း စေလျက် တန်းခိုးတော်နှင့် မီးအားဖြင့် တောက်လောင်စေရန် အချိန်ကျပြီ။ ဘုရားသခင်၏ လူများသည် လောကီသားတို့ အအိပ်ပျော်ခြင်းမှ နိုးထလျက် လောကနှင့် မိမိကိုယ်ကိုချစ်ခြင်းမှ ခွျတ်၍ လိမ်လည် လှည့်ဖြားခြင်း၊ ဟန်ဆောင်ခြင်း၊ မိမိတို့၏ နိမ့်ကျသော အသက်မွေးဝမ်းကြောင်းများမှ နိုးထလျက် ဘုရားသခင်ထံသို့ နလုံးသားပါလျက် အစာရှောင်ခြင်းနှင့် ငိုကြွေးခြင်း၊ ယူကြုံးမရဖြစ်ခြင်းနှင့် အပြစ်ဝန်ခံခြင်း၊ ပေးဆပ်ခြင်းများနှင့် ဘုရားသခင်ထံသို့ လှည့်ပြန်ရန်ဖြစ်သည်။

စစ်မျက်နာကဲ့သို့ ကြောက်မက်ဘွယ်ဖြစ်၏” (ရှောလမုန်သီချင်း ၆း၄)။ ထိုကဲ့သို့သော အသင်းတော်သည် ဘယ်မှာရှိသနည်း။ ဘုရားသခင်ထံမှ လာသော အသက်သာငြိမ်းအေးစေခြင်းနှင့် တန်ခိုးတော်သည် ဘယ်နေရာ၌ ဧဝံဂေလိ သတင်းကောင်းကို ဟောကြား ခဲ့ခြင်းဖြင့် ဘုရားသခင်၏ ရန်သူများက ဤသို့ပြော သနည်း။ လောကီနိုင်ငံကို မှောက်လှန်သော ဤသူတို့သည် ဤအရပ်တိုင် အောင် ရောက်ကြပါပြီ။ (တမန် ၁၇း၆)

ယနေ့ ဤအရာများသည် ကျွန်ုပ်တို့အတွက် အဘယ်ကြောင့် မမှန်သနည်း။ အဘယ်ကြောင့်ဆိုသော် ဘုရား၏လူတို့သည် ကျရှုံးခြင်း၊ သူတို့အသက်တာထဲ၌ အပြစ်ကိုခံနေခဲ့၍ သူတို့၏ရင်ခွင်များထဲ၌ ပိုက်ထွေးခဲ့သောကြောင့် ဖြစ်သည်။ ၎င်းတို့သည် သေးငယ်သော အပြစ်ကလေးများအားဖြင့် ခရစ်တော်၏ ချစ်ခြင်းမေတ္တာကို အေးစက်စေသည်။ ပျောက်ဆုံးသောဝိညာဉ်များအတွက် ပြင်းပြသော စိတ်မရှိ၊ ကျွန်ုပ်တို့ ၏ ဝိညာဉ်ရေးနှင့်ဆိုင်သော နားများကို ထိုင်းစေသောကြောင့် ဘုရားရှင်၏အသံကို မကြားနိုင်တော့ပါ။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးနှင့်ဆိုင်သော အမြင်ကိုလည်း ပျောက်စေ၍ ရိတ်သိမ်းခြင်း အတွက် မှည့်နေသော ကမ္ဘာ၏အမြင်ကို ပျောက်ဆုံးစေသည်။ ကျွန်ုပ်တို့၏ လက်များကို ယောင်ယမ်းစေပြီး ကိုယ်တော်၏ အမှုတော်ကို မဆောင်ရွက်နိုင်ခြင်းဖြင့် ကျွန်ုပ်တို့သည် အပြစ်ကိုရှာခြင်းနှင့် ခရစ်ယာန်များကို ဝေဖန်သောသူများ ဖြစ်စေသည်။ (ရှောလမုန်သီချင်း ၂း၁၅၊ ဒေသနာ ၁၀း၁၊ ၁ကော၅း၆၊ ဂလာတိ ၅း၉)

### "ထိုပရောဖက်တို့၏ အကျင့်ကိုထောက်သော် သူတို့၏သဘောကို သိရကြလိမ့်မည်။"
“By Their Fruits Ye Shall Know Them” (Matt. 7:20)

ရှောလမုန်သီချင်း၌ ပါဝင်သော အံ့ဩဘွယ်ရာ အသင်းတော်၏ သမ္မာတရားကို ဘာသာစကားနှင့် တင်စားထားသည်။ ကောင်းကင်နိုင်ငံနှင့်ဆိုင်သော ဥယျာဉ်မှူး ပြောထားသည်မှာ 'စပျစ်နွယ်ပင် ဖျက်လတ့်သော မြေခွေးကလေးများကို ငါတို့ဘို့ဖမ်းကြလော့။ ငါတို့ စပျစ်နွယ်ပင်ကို စပျစ်နွယ်ပင်တို့သည် အပွင့်ပွင့်လျက် ရှိကြ၏။' (ရှောလမုန်သီချင်း ၂း၁၆)

ကျွန်ုပ်တို့သည် ကြီးမားသော ရိတ်သိမ်းခြင်းကို တွေ့လိုပါက မြေခွေးကလေးများကို ထုတ်ပစ်ရမည်။

သူတို့သည် အပြစ်မရှိ၊ အန္တရာယ်မရှိဟု ထင်ရသော်လည်း အသီးကို သေစေသည်။ အပြစ်အသေးကလေးများနှင့် ကမ္ဘာလောက၊ အသွေးအသား၊ မာရ်နတ်တို့နှင့် ညှိနှိုင်းခြင်း တို့သည် ကျွန်ုပ်တို့၏ အသုံးဝင်သော အရာများကို သတ်ခြင်းဖြစ်သည်။ ၄င်းတို့ကို ဘုရားသခင်၏ စပျစ်ဥယျာဉ်အပြင်သို့ ထုတ်ပစ်ရမည်။

မထားဘဲ မိမိတို့၏ ရည်မှန်းချက်များ၊ ကိုယ်ခန္ဓာစည်းဇိမ်များနှင့် မိတ်ဆွေများ၊ ဆွေမျိုးများ တောင်းခံသော ကျွန်ုပ်တို့ ဝန်ခံ၍ အားလုံးကို စွန့်လွှတ်ကြပါစေ။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာကို သန့်ရှင်းစေလိုပါက ကျွန်ုပ်တို့ စိတ်နှလုံးအား ဘုရားသခင်ကို ရှာဖွေစေပြီး အောက်အဆုံးထိ ဝိညာဉ်တော်နှင့် တို့ထိရန် လိုအပ်သည်။ (ဆာလံ ၁၃၉း၂၃-၂၄၊ ၁ရာချုပ် ၂၈း၉)

ကျွန်ုပ်အထဲက အချို့သောသူများသည် မိမိတို့၏ အသက်တာထဲ၌ ဘုရားသခင်ကို ပထမနေရာ၌ အရာများကို လိုက်လျောခြင်းအားဖြင့် ဘုရားသခင်ကို ဦးစား မပေးဘဲ ဒုတိယနေရာ၌သာ ထားသည်ကို တွေ့ရသည်။

ကျွန်ုပ်တို့အထဲ၌ အချို့သောသူများသည် ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်လျက် ပုန်ကန် ခြင်းနှင့် ကျွန်ုပ်တို့၏ အသက်တာအားဖြင့် ကိုယ်တော်ကို အစေခံရန် ကိုယ်တော်၏ ခေါ်သံကို မကြားစေရန် ကျွန်ုပ်တို့၏နား ပိတ်ထားခြင်းဖြင့် ဘုရားသခင်ကို တိုက်ရိုက်အပြစ် ပြုလုပ်ခဲ့သည်။

ထိုထက်မက များစွာသော အပြစ်များလည်း ရှိသေး သည်။ ၄င်းတို့မှာ အသေမခံခဲ့သေးသော မိမိအသက်တာ- မိမိဆန္ဒ၊ မိမိကိုယ်မိမိ နစ်သက်ကျေနပ်ခြင်း၊ မိမိကိုယ်ကို ဘုန်းထင်ရှားခြင်း၊ မိမိကိုယ်ကို ရှာဖွေခြင်း၊ မိမိကိုယ်ကိုသနားခြင်း၊ မိမိကိုယ်ကို ယုံကြည်စိတ်ချခြင်း၊ မိမိကိုယ်ကို အားရနှစ်သက်ခြင်း၊ အလိုဆန္ဒများ၊ စေ့ဆော်မှုများ၊ ရွေးချယ်မှုများ- အားလုံးသည် ဝိညာဉ်တော်၏ စိတ်ကို ညှိုးနွမ်းစေ၍ ဘုရားသခင်သည် သူ၏လူများထံသို့ ဤအချိန်နာရီတွင် ဘုရား၏ ခေါ်သံကို ကျွန်ုပ်တို့ထူးရန် မထိုက်တန်ပါ။

ကျွန်ုပ်တို့အထဲက အချို့သောသူများသည် စိတ်ဆိုးရန်၊ အမျက်ထွက်ရန် လွယ်သည်။ ကျွန်ုပ်တို့ အထဲ၌ ခွင့်မလွှတ်နိုင်သောသူ၊ မနာလိုဝန်တိုသောသူနှင့် မုန်းတီးသောသူများ ပါဝင်သည်။ (ယာကုပ် ၃း၁၄-၁၈) အခြားသောသူများ၌လည်း လျှို့၍ အလွန်ရဲတင်းသော အပြစ်များရှိသည်။ သို့သော် ၄င်းတို့သည် ဘုရားသခင်၌ ကွယ်ဝှက်ထားခြင်းမရှိ။ (ဆာလံ ၁၉း၁၂-၁၃) ထို့ပြင် ကြီးလေးသောအပြစ်များ ဖြစ်သည့် အတင်းပြောခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်း၊ သူ့အသရေကိုရှုံ့ချခြင်း၊ ချောစားခြင်း၊ မာနထောင်လွှားခြင်း၊ အချင်းချင်းအမှုလုပ်ခြင်းများ ပါဝင်သည်။ ဤအရာများ အားလုံးကို ဘုရားသခင် မုန်းတီး ဆက်စပ်ရွံရှာတော်မူ၏။ (ယာကုပ် ၃း၂-၁၃၊ ၂ကော ၁၂း၂၀၊ သုတ္တံ ၆း၁၆-၁၉) ထိုအရာများသည် ဘုရားသခင်၏ ကောင်းကြီးတံခါးကို ပိတ်၍ ကျွန်ုပ်တို့အိမ်၊ ကျွန်ုပ်တို့နှင့် အတူနေသော အသိုင်း အဝိုင်း၊ ကျွန်ုပ်တို့၏ နိုင်ငံနှင့် ကမ္ဘာကြီးအတွက် ဆုတောင်းခြင်းများကို ကိုယ်တော်အဖြေပေးခြင်းမှ ဟန့်တားလျက် ရှိသည်။

'ကြည့်ရှုလော့၊ ထာဝရဘုရားသည် မကယ်တင်နိုင်အောင် လက်တော်တိုသည်မဟုတ်။ မကြားနိုင်အောင် နားတော်ထိုင်းသည်မဟုတ်။ သင်တို့ ဒုစရိုက်သည် သင်တို့ကို ဘုရားသခင် နှင့် ကွာစေပြီ။ ကြားတော်မမူစေခြင်းငှါ၊ သင်တို့အပြစ်သည် မျက်နှာတော်ကို လွှဲစေပြီ။ ...သင်တို့လက်သည် ညစ်ညူးကြ၏... လျှာအားဖြင့် မုသာစကား၊ အဓမ္မစကားများကို ပြောတတ်ကြ၏။ တရားကို အဘယ်သူမျှမရှာ၊ သစ္စာကို အဘယ်သူမျှ မစောင့်...' (ဟေရှာယ ၅၉း၁-၄)

ကျွန်ုပ်တို့ ဘုရားသခင်ကို လိုအပ်ကြသည်။ ကျွန်ုပ် တို့သည် သဘာဝလွန် တရား၏ နိုးထမှုတခုကို အလွန်အမင်းလိုအပ်သည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာလျှင် ဤလက်ရှိ အန္တရာယ်ရှိသော အချိန်နာရီများကို ရွေးနုတ်နိုင်မည်။ ဖြစ်ပျက်နေသော ဘေးဆိုးကျိုးများက ကျွန်ုပ်တို့ကို သတိပေးသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်က ကျွန်ုပ်တို့ကို သတိပေးလျက်ရှိသည်။ သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်တို့ကို သတိ ပေးလျက်ရှိသည်။ 'အိုထာဝရဘုရား စီရင်တော်မူချိန် ရောက်ပါပြီ။ သူတပါးများတို့သည် တရားတော်ကို ပယ်ကြပါ၏ (ဆာလံ ၁၁၉း ၁၂၆) ယခုနှစ်များအတွင်းတွင် အမှုတော်ကို ပြုပြင်တော်မူပါ။' (ဟဗက္ကုတ် ၃း၂)

အခြေအနေများရှိရန် အရေးကြီးပါသည်။ ဤအရာသည် ဝိညာဉ်တော် သွန်းလောင်းတော်မူရန် အတွက် ဘုရားသခင်၏ အချိန်နာရီဖြစ်သည်ကို ကျွန်ုပ်တို့ ယုံကြည်သည်။ သို့သော် ဘုရားသခင်၏ ကျေးဇူးတော်၌ ကြီးမားသော ယခု ရည်ရွယ်ချက်များသည် ကျွန်ုပ်တို့ စိတ်ဝိညာဉ်တခုလုံး၏ တုန့်ပြန်မှုအပေါ် - ကိုယ်တော်၏လူများ-မူတည်သည်။

ထို့ကြောင့် ဘုရားသခင် ကြွလာတော်မူခြင်း အကြောင်းသည် ကျွန်ုပ်တို့နှလုံးသားထဲ၌ နိုးထမှုအတွက် ကျွန်ုပ်တို့၏ အသင်းတော်၊ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်း၊ ကျွန်ုပ်တို့၏နိုင်ငံနှင့် ကမ္ဘာကြီးထဲတွင် သင်လျော်သော ဤအချိန်နာရီတွင် ဘုရားသခင်၏ ဂရုဏာတော်များ၏ တိကျသော ကတိတော်ကို ကျမ်းချက်ထဲ၌ ကျွန်ုပ်တို့ မတွေ့နိုင်သော်လည်း တရားစီရင်ခြင်း၏ သတင်းစကား၊ ကယ်တင်ခြင်း၏ကတိတော်နှင့် ရွေးနုတ်ခြင်းကို တွေ့နိုင်သည်။

ရှေးဟောင်းကာလ၊ ဘုရားမရှိသော ဆိုယုတ်သော မြို့တော် နိနေဝေ၏ ကယ်တင်ခြင်း အကြောင်းကို စဉ်းစားကြည့်ပါ။ ဘုရားသခင်သည် ပရောဖက် ယောနထံသို့ ဖျက်ဆီးမည့် သတင်းစကား ပို့ခဲ့သည်။ 'အရက်လေးဆယ်လွန်သော်၊ နိနေဝေမြို့သည် ပျက်ဆီးခြင်းသို့ ရောက်လိမ့်မည်။' (ယောန ၃း၄) မည်သည့် ဂရုဏာတော်မျှ ကတိမပေးခဲ့ပါ။ သို့သော် ရှင်ဘုရင်က ဤကဲ့သို့ စဉ်းစားတွေးတောလိမ့်မည်။ 'ဘုရားသခင်က ကျွန်ုပ်တို့အပေါ်တွင် ကျေးဇူးတော် မရှိပါက ဤကဲ့သို့သော သတိပေးခြင်းစာကို ပို့မည်မဟုတ်ပါ။' ထို့ကြောင့် သူတို့သည် နောင်တရခဲ့ပြီး လျှော်တေအဝတ်ကို ဝတ်လျက် ပြာနှင့်လူး၍ အစာရှောင်ကြပြီး ဘုရားသခင်ထံတော်သို့ ကြီးစွာသော အသံနှင့် အော်ခေါ်ခဲ့ကြသည်။ ဘုရားသခင်က ဂရုဏာထားလျက် ကိုယ်တော်၏ တရားစီရင်ခြင်း အမှုကို ဖျက်သိမ်းခဲ့သည်။ (ယောန ၃း၃)

ဂရုဏာတော်အပေါင်း၏ ဘုရားသခင်သည် ဘုရားမသိသော နိနဝေမြို့အတွက် များစွာ လုပ်ပေး နိုင်လျှင် မိမိ၏လူများ နောင်တရကြ၍ လောကီရေးရာနှင့် တကိုယ်ကောင်း ဆန်ခြင်းမှ လှည့်ပြန်သောအခါ ထာဝရ ဘုရားသည် ကြွလာ၍ ကျွန်ုပ်တို့အပေါ်သို့ ဖြောင့်မတ်ခြင်းမိုးကို ရွာစေတော်မမူမှီတိုင်အောင်၊ ကိုယ်တော်ကို ရှာသောအချိန် ရောက်လေပြီ။ (ဟောရှေ ၁၀း၁၂)

## ဘုရားသခင်ပါဝင်ခြင်း

(Plus God)

ဘုရားသခင်၏ မအောင်မြင်နိုင်သော လူနည်းစုများ၏ အကြောင်းများကို လျှို့ဝှက်နက်နဲသော ရာဇဝင်သမိုင်းတွင် အပြည့်တွေ့ရသည်။ လောကီရေး၌ ဉာဏ်ပညာရှိသော သူများအတွက် ထိုအကြောင်း အရာများသည် မိုက်မဲခြင်း၊ အားနည်းခြင်း၊ မုန်းတီးရွံရှာဘွယ်ဖြစ်သည်။ သို့သော် ဘုရားသခင်ပါဝင်ခြင်းအားဖြင့် သူတို့သည် ခွန်အားကြီးကြသည်။ နှိမ်နင်း၍ မရနိုင်၊ မခြောက်ခန်းနိုင်ဘဲ အောင်နိုင်သောသူများ ဖြစ်လာကြသည်။ သူတို့သည် တချိန်ပြီးတချိန် သမိုင်းလမ်းကြောင်းကို ပြောင်းလဲခဲ့၍ နိုင်ငံများကိုလည်း ပြောင်းလဲခဲ့သည်။ ခွန်အားမရှိဘဲ သူတို့သည် ကြီးမားသောအလုပ်များ ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့ သူအဖြစ် တမန်တော်ပေါလု၊ လူသား ဝယ်စလီတို့ ပါဝင်သည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဤအချိန်ခါများတွင် သူတို့၏မျိုးရိုး မပယ်ပျောက်ခဲ့ပါ။

အဃယ်၍ ယနေ့ ခရစ်ယာန်များသည် ပေါ့ပေါ့ တန်တန် နှင့် ဘုရားသခင်အတွက် အားလုံးအတွက် လုပ်ဆောင်ရန် ရပ်စဲသွားပါက ဘာဖြစ်လာမည်နည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို နာခံ၍ နေ့ရောညပါ အစာရှောင် ဆုတောင်းခြင်းဖြင့် ကျွန်ုပ်တို့၏ ရန်သူများကို လည့်စားနိုင်ပါက ဘာဖြစ်လာမည်နည်း။ (လုကာ ၁၈း၇-၈) အကယ်၍ ကျွန်ုပ်တို့က ဘုရားသခင်နှင့် တစ်ယောက်နှင့်တစ်ယောက် မှန်ကန်ခြင်းရှိပါက ဤအရာသည် ဘုရားသခင်၏ ကြွလာတော်မူခြင်းကို မလွှဲမသေ ယူဆောင်ခြင်းဖြစ်သည်။

ယနေ့မကောင်းဆိုးဝါးများနှင့် ဘေးအန္တရာယ်များ အတွက် တစုံတခု ပြုလုပ်ရန် လိုသည်။ ၄င်းသည် အစာရှောင်၍မျက်ရည်များနှင့်မခြားမလပ်ဆုတောင်းရန် အချိန်ကျပြီ။ ယနေ့ စတင်ပါ။ သင်ဤကဲ့သို့ လုပ်ပါက မကြုံစဖူးသော အကြီးမားဆုံး ကြွလာ တော်မူခြင်းကို ကျွန်ုပ်တို့ ရရှိမည်။

## နိုးထမှုသည် ဘုရားသခင်အား အသစ်သော နာခံခြင်း၏ အစတစ်ခုဖြစ်သည်။

(Revival is the Beginning of a New Obedience of God)

''သင်တို့သည် ငါထုံးဖွဲ့ရာလမ်းသို့ လိုက်၍၊ ငါ့ပညတ်တို့ကို ကျင့်ဆောင်လျှင် အချိန်တန်မှ ငါသည် သင်တို့အဖို့ မိုးရွာစေသဖြင့် မြေသည် မိမိအသီးကိုပေး၍ ဥယျာဉ်အပင်တို့သည် အသီးသီးကြလိမ့်မည်။...

သင်တို့သည် ရန်သူများကို လိုက်၍ ထားလက်နက်ဖြင့် အောင်ကြ လိမ့်မည်... သင်တို့တွင် လူငါးယောက်သည် ရန်သူတစ်ရာကို လိုက်လိမ့်မည်။ လူတစ်ရာသည် ရန်သူတစ်သောင်းကို ပြေးစေ၍ ထားလက်နက်ဖြင့် အောင်ကြလိမ့်မည်။" (ဝတ်ပြုရာ ၂၆း၃-၈)

## ဘုရားသခင်၏ ဘုန်းတော်ထင်ရှားရန်အတွက် အမှုတော်ဆောင်ခြင်းအား ချဲ့တွင်ခဲ့ခြင်း

(Expounded Ministry For The Lord's Glory)

ကျွန်ုပ်တို့သည် သင့်ကို တချိန်ပြီးတချိန် Herald ရုံးကြီးသို့ 'ခရီးလှည့်လည်' ရန် ဖိတ်ကြားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အဆောက်အဦး၊ အလုပ်သမားများနှင့် အမှုတော်ဆောင်လုပ်ငန်း အကြောင်းများကို သင်နှင့်အတူ ဝေမျှခံစားနိုင်ရန် ဖြစ်သည်။ လွန်ခဲ့သည့်နောက်ဆုံး 'ခရီးလှည့်လည်ခြင်း' အတွင်း အဓိက ပြောင်းလဲမှုတစ်ခုမှာ ယခုအချိန်ပြည့် အလုပ်လုပ်သည့်အဖွဲ့ဝင် သုံးဦးသာလျှင် ရှိတော့သည်။ Gayla Royer နှင့် ကျွန်ုပ်၏ဇနီး Gail နှင့် ကျွန်ုပ်ပင်ဖြစ်သည်။ အဆောက်အဦးထဲသို့ ဝင်သောအခါ ပထမရုံးခန်း နှစ်ခုတွင် ယခုလူမရှိပါ။ Lois Stucky နှင့် Christine Rudlow နှစ်ဦးစလုံး ခုနစ်တွင် ဘုရားသခင်အိမ်တော်သို့ ပြန်သွားခဲ့ပြီ။ ကျွန်ုပ်တို့ ဤညီအစ်မနှစ်ယောက်ကို ပူးပေါင်းလုပ်ဆောင် ပေးသောသူများအဖြစ် သူတို့ကို အလွန်သတိရသည်။ သို့သော်လည်း ဘုရားသခင်၏ အမှုတော်ကို ကောင်းမွန်စွာ ဆောင်ခဲ့ပေးသော အသက်တာအတွက် ကျေးဇူးတင်ပါသည်။

Gayla, Gail နှင့် ကျွန်ုပ်သည် နံနက်ဝတ်ပြုကိုးကွယ်ခြင်းအတွက် Lois ၏ ရုံးခန်းထဲ၌ စုရုံးကြသည်။ ဤအချိန်၌ ကျွန်ုပ်သည် ဘုရားသခင်ထံ ဆုတောင်းပေးရန် Herald စာဖတ်သူများမှ တောင်းဆိုခြင်းများ ရရှိခဲ့၍ အမှုတော်ဆောင်ခြင်းအတွက် ကိုယ်တော်၏ လမ်းပြမှုအတွက် တောင်းလျှောက်ကြသည်။

ကျွန်ုပ်တို့သည် စာပွဲ၌ အခြားသော အထူး အရာတစ်ခုကို လစဉ်လုပ်ကြသည်။. ၎င်းမှာ Herald ထုတ်ဝေသော အသစ်စာစောင်ကို ဘုရားသခင် ဘိတိက်ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့ ဆုတောင်းသောအရာမှာ Herald စာစောင် ထုတ်ဝေတိုင်း ဘုရားသခင် စာစောင်ကို ဘိသိက်ပေးရန်နှင့် ကိုယ်တော်ကြီးမားစွာ ပြုလုပ်သောသတင်း စကားများအားဖြင့် ဖတ်ရှုသူတို့၏ အသက်တာများကို ကောင်းကြီးပေး၍ ကိုယ်တော်၏ ရည်ရွယ်ချက်များကို အောင်မြင်စွာ ပြီးဆုံးရန်ဖြစ်သည်။

Gail ၏အဓိကတာဝန်များထဲမှ တစ်ခုမှာ ဝင်ရောက်နေသောစာများ နေ့စဉ် မှန်မှန်ဝင်သောစာများ၊ Email များနှင့် Herald ၏ Website များမှတဆင့် ဝေဖန်ချက်များ ပါဝင်သည်။ ထို့ကြောင့် သူမသည် စာဖတ်သူများထံမှ စာပေးစာယူအားဖြင့် စာများကို ဦးစွာဖတ်ရသောအခွင့်၊ အမှုတော်အတွက် ပို့ဆောင်ခဲ့သော အလှူငွေများကို မှတ်တမ်း တင်ခွင့်နှင့် လိုအပ်သော ပစ္စည်းများအတွက် အထူးတောင်းခံသောအရာများ ရှိပါက ကိုင်တွယ်ခွင့် ဖြစ်ကြသော အထူးအခွင့်အရေးများကို ရခဲ့သည်။ ဝင်လျှက်နေသော စာများသည်လည်း ရုံးအမှုထမ်းများအတွက် ခွန်အားအလွန်ရ၍ အမှုတော်ဆောင်ခြင်းကို ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန် အရေးကြီးသည်။ Gail စာဝင်လာသောအခန်း၌လည်း ကူညီပေးသည်။

Gayla သည် Spanish Huald ၏အလုပ်ကို ကြီးကြပ်သူအဖြစ် ဆက်လက်လုပ်ကိုင်လျက် ရှိသည်။ သူမသည် Huald ၏ စာအုပ်ထိန်းသိမ်းသူနှင့် အင်္ဂလိပ် Huald အတွက် အယ်ဒီတာအဖွဲ့ဝင်တစ်ဦး အဖြစ် ပါဝင်လုပ်ဆောင်ပေးသည်။ သူမသည် စာစောင်ဖြန့်ချီရေးအတွက် ထားသိုခြင်းများနှင့် စာဝင်လာသော အခန်းတွင် များစွာ အကူအညီပေးသူဖြစ်သည်။

စေတနာ့ဝန်ထမ်းများသည်လည်း စာများ ပို့ဆောင်ရာတွင် မိမိတို့၏ အချိန်နှင့် စွမ်းအား ဖြင့် ပျော်ရွှင်စွာ ကူညီပံ့ပိုးပေးကြသည်။ အချို့သော သူများသည် သေးငယ်သော အမှုထမ်းများ အတွက် ငွေအားဖြင့် အထူးအကူအညီ ပေးရန် တောင်းခံခဲ့သည်။ ထို့ကြောင့် ထိုကဲ့သို့သော စေတနာ့ ဝန်ထမ်း များအားဖြင့် ကျွန်ုပ်တို့ ဆက်လက်၍ ကောင်းကြီး ခံစားရသည်။ ကျွန်ုပ်တို့အထဲ၌ အချိန်ပိုင်း အလုပ်သမား တစ်ယောက်ရှိသည်။ သူ၏အမည်မှာ Carsoa ဆယ်ကျော်သက်လူငယ်ဖြစ်ပြီး အလုပ်အမျိုးမျိုး၌ ပါဝင် ကူညီပေးသူဖြစ်သည်။

ကျွန်ုပ်တို့အဆောက်အဦး မြောက်ဘက် အဝင်ပေါက်တွင် ထရပ်ကားများ၏ ပစ္စည်း အတင်အချ အတွက် မထိခိုက်စေရန် ကာရံထားသော အင်္ဂတေ ကတ်ပြားရှိသည်။ ကားရပ်သော နေရာတွင် လည်း မျက်နှာပြင် အသစ်ရှိသည်။ ဤစီမံကိန်းများ အတွက် ကိုယ်တော် ထောက်ပံ့ပေးသော အထူးရန်ပုံငွေ အတွက် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်း ပါသည်။ ထို့ပြင် အထောက်အကူပြုသော အသင်းတော် တစ်ခုအားဖြင့် ကျွန်ုပ်တို့နှင့် ကပ်လျက်ရှိသော မြေကွက်နှစ်ကွက်ကို ဝယ်ခဲ့၍ ပျက်ဆီးခဲ့သော အိမ်ထွေလာကားနှစ်စင်းကို ဖယ်ရှားခဲ့သည်။ ဤမြေနေရာ တိုးတက်မှုအတွက် ကျွန်ုပ်တို့ ဘုရားသခင်ကို ချီးမွမ်းပါသည်။ ၎င်းသည်လည်း အမှုတော်ဆောင်ခြင်းနှင့် အိမ်နီးနားချင်းအတွက် ကောင်းကြီးများ ဖြစ်လာမည်။

ဤကဲ့သို့ မြင်ရသော တိုးချဲ့ခြင်းကို တွေ့သော အခါ ကျွန်ုပ်တို့၏ နှလုံးသားများသည် အမှုတော်ဆောင်ခြင်းကို ကျယ်ပြန့်စွာ တိုးချဲ့ ဆောင်ရွက်နိုင်ရန် ဆက်လက်၍ ဆန္ဒပြုရမည်။ ဤကမ္ဘာ၌ နှိုးထခြင်းနှင့် ကယ်တင်ခြင်းစာပေများ သာ၍ လိုအပ်လျက်ရှိသည်။ ခရစ်တော်၏ ကြွလာတော်မူခြင်းသည် တဖြေးဖြေးနီးကပ်လာ၍ လူများစွာ တို့သည် ဝိညာဉ်ရေးနှင့်ဆိုင်သော ခွန်အား ပေးခြင်းကို အလွန်အမင်း လိုအပ်ကြသည်။ ပို၍များလာ ဘိသိက်ပေးခြင်း၊ ပို၍ တိုးပွားသော ထောက်ပံ့ကူညီခြင်းနှင့် Herald အမှုတော်ဆောင်ခြင်း အတွက် ကျယ်ပြန့်စွာ တိုးပွားရန် ဆုဆောင်ခြင်း၌ ကျွန်ုပ်တို့နှင့်အတူ ကျေးဇူးပြု၍ ပါဝင်ကြပါ။ အားလုံးသည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားရန်အတွက် ဖြစ်သည်။

## ဤစာစောင်အကြောင်း

(About This Issue)

နှစ်သစ်စတင်သည်နှင့်အမျှ ဤ Herald စာစောင် အားဖြင့် ဘုရားသခင် အလုပ်လုပ်ရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ကိုယ်တော်ထံသို့ ပြန်လည်၍ အသစ်သော ဆက်ကပ်ခြင်း၊ ကိုယ်တော်၏ နှုတ်ကပတ်တော် ဆက်ကပ်ခြင်းနှင့် ဆုတောင်းခြင်း အတွက် Herald ကသင့်ကို ကူညီပေးမည်။ ဤစာစောင်၏ ရှေ့မျက်နှာဖုံး အကြောင်းအရာများသည် ဤအချိန်နာရီအတွက် ဖြစ်သည်။ ဘုရားသခင်၏ လူများအတွက် နောင်တရခြင်း၊ မိမိကိုယ်တိုင်နှင့် စုပေါင်း နိုးထမှု အတွက် ဘုရားသခင်ကိုရှာခြင်းအတွက် ကျွန်ုပ်တို့ လိုအပ်ကြောင်းကို သတိပေးနေသော အရာတစ်ခုဖြစ်သည်။ အခြားအကြောင်းအရာများမှာ စိတ်နှလုံးပါလျက် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းရန်နှင့် သန့်ရှင်းသော အသက်တာများ၏ အကျိုးခံစားရခြင်းကို ကျွန်ုပ်တို့ သတိပေးနေခြင်း ဖြစ်သည်။ အခြား အကြောင်းအရာများတွင်လည်း ကျွန်ုပ်တို့ကို ခွန်အား ပေးခြေင်းနှင့် နှုတ်ကပတ်တော်နှင့် ဆုတောင်းခြင်းအတွက် ဆက်ကပ်အပ်နံ့ရန် တန်ဆာပလာ များ တပ်ဆင်ပေးခြင်းနှင့် ကျွန်ုပ်တို့ကို ခွန်အား ပေးခြင်းများ ပါဝင်သည်။

စစ်မှန်သော အရာတစ်ခုမှာ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ မှောင်မိုက်သည် တိုးပွားလာသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏လူကဲ့သို့ ကြည့်ရှုလျက် အလင်းကို ထွန်းလင်း စေရန်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ခေါ်လျက် 'သို့ပြုလျှင် အပြစ်တင်ခွင့် မရှိ၊ အဘယ်သူကိုမျှ မပြစ်မှားဘဲနေ၍၊ မဖြောင့်မမှန် ဖေါက်ပြန်သော လူမျိုးထဲ၌ အဘယ် အပြစ်မှ မပါသော ဘုရားသခင်၏သား ဖြစ်ကြလိမ့်မည်။ အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ကို ပြသ၍ စကြာဝဠာ၌ နေ၊လ၊ကြယ်၊ နက္ခတ်ကဲ့သို့ ထိုလူမျိုးအထဲ၌ ထွန်းလင်းကြ၏။' (ဖိလိပ္ပိ ၂း၁၅-၁၆)

ကျွန်ုပ်တို့အသက်တာများသည် ကျွန်ုပ်တို့ ပတ်လည်၌ရှိသော ကမ္ဘာကြီးသို့ ဘုရားသခင်ကို ထင်ဟပ်ပေါ်လွင်စေသောသူ ဖြစ်စေရမည်။ ကျွန်ုပ်တို့အားဖြင့် အခြားသူများသည် ကိုယ်တော်၏ ချစ်ခြင်း မေတ္တာ၊ ကိုယ်တော်၏ အသက်တာ၊ ကိုယ်တော်၏ ဂရုဏာတော်၊ ကိုယ်တော်၏ နှုတ်ကပတ်တော်၊ ကိုယ်တော်၏ ကောင်းမြတ်ခြင်း၊ ကိုယ်တော်၏ ကျေးဇူးတော် စသည်တို့ကို တွေ့ရှိရန် ဖြစ်သည်။ ကျွန်ုပ်တို့၏ လွှမ်းမိုးခြင်းအောက်၌ ရှိသောသူတို့သည် ကျွန်ုပ်တို့အထဲ၌ရှိသော ဘုရားကို တွေ့ရန်လိုအပ်သည်။ သို့မှသာ သူတို့သည် ကိုယ်တော်ထံသို့ ဆွဲဆောင်ခြင်း ခံရမည်။ သူတို့သည် ကျွန်ုပ်တို့ကို သူတို့နှင့် မတူစေဘဲ ကိုယ်တော်နှင့်သာ တူစေရန် လိုအပ်သည်။ ကိုယ်တော်ထံ ကျွန်ုပ်တို့၏ ဆက်ကပ်အပ်နံ့ခြင်းကို အသစ် ပြန်လည် ဖြစ်စေပါ။ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်၍ ကျွန်ုပ်တို့အားဖြင့် ကိုယ်တော်၏ ဘုန်းတော်ထင်ရှားသော ရည်ရွယ်ချက်များနှင့် အညီ ဖြစ်စေပါ။

- Rich Carmicheal

# ဆက်ကပ်အပ်နှံခဲ့သော အသက်တာ

The Consecrated Life

By. J. Stuart Holden

''ကျွန်ုပ်သည် အကျွန်ုပ်၏ ဘုရားသခင် ထာဝရားဘုရား နောက်တော်သို့ လုံးလုံးလိုက်ပါ၏'' (ယောရှု ၁၄း၈)

ကျွန်ုပ်တို့ ခေတ်သစ်ခရစ်ယာန် အသက်တာ၏ အကြီးမားဆုံးသော လိုအပ်ချက်မှာ တာဝန်သိစိတ်ကို ကိုယ်စိတ်နှလုံးပါလျက် ပြန်လည်ထုတ်ဖော်ရန် လိုအပ်သည်။ ခရစ်တော်၌ ရှိသောသူ များစွာတို့သည် ကိုယ်တော်ကို ကယ်တင်ခြင်းအတွက် ယုံကြည်ကိုးစားသည်။ ကိုယ်တော်၏ ကျေးဇူးများကို လက်ခံသည်ဖြစ်၍ ကိုယ်တော်၏ နောက်လိုက်သူများထဲ၌ ပါဝင်ကြသော်လည်း ကိုယ်တော်ကိုလုံးဝ ပိုင်သောသူများ မဟုတ်ပါ။ ခရစ်သည် သူတို့၏ ကယ်တင်ရှင် ဖြစ်နိုင်သော်လည်း သူတို့၏ အုပ်စိုးရှင် အဖြစ် ဝေးကွာ လျက်ရှိသည်။ ထို့ကြောင့် သူတို့သည် ခရစ်တော်၏ သက်သေများအဖြစ် အားနည်းခြင်းနှင့် အောင်မြင်ခြင်း မရှိသောသူများ ဖြစ်သည်။ ကိုယ်တော်၏ နောက်လိုက် လုံးလုံးလျားလျား လိုက်သောသူသာလျှင် အသက်တာ၌ ကိုယ်တော်အတွက် ထင်ချန်ခဲ့သော အမှတ်အသား ပြုလုပ်သောသူ ဖြစ်သည်။

သူတို့၏ အသက်တာများကို ကာလက်၏ "ကျွန်ုပ်သည် ထာဝရဘုရားနောက်သို့ လုံးလုံးလိုက်ပါ၏" သက်သေနှင့် နှိုင်းယှဉ်ကြည့်ပါက အတ္တဆန်ခြင်းမရှိ လမ်းမလွဲခဲ့သော ရည်ရွယ်ချက်တခု၏ ရိုးရှင်းသော ကြေငြာခြင်းတခုဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ စံနှုန်းများ အားဖြည့်သူ၏ အသက်တာကို တိုင်းတာရန် ဘယ်တော့မှ လစ်လျူရှုသော လူတယောက် မဟုတ်ပါ။ သူသည် လူအများရှေ့တွင် အပြစ်တင်ခြင်း မရှိသော အသက်တာ ဖြင့် အသက်ရှင်ခဲ့သည်။ သူသည် ဘုရားသခင်နောက်သို့ လိုက်ရန်ကြိုးစားစဉ် ပို၍ များပြားလာနေသော အလင်းနှင့် များပြားလာနေသော ဆက်ကပ်အပ်နှံခြင်းကို တွေ့ခဲ့ရသည်။ ထိုကဲ့သို့သောသူသည် တစ်ဦးတည်း ရပ်တည်လျက် ထင်ရှားကျော်ကြားခြင်း မရှိခြင်းကို ဂရုမစိုက်ပါ။ သူသည် သည်းခံနိုင်ခြင်း၏ လျှို့ဝှက်ချက်ကို သင်ယူခဲ့သည်။ ၎င်းမှာ ''မြင်တွေ့နိုင်သောကိုယ်တော်''ကို ကြည့်ရန်ဖြစ်သည်။ စိတ်နှလုံးဖြူစင်သော သူများကဲ့သို့ အမြဲလာသော ရူပါရုံကို သူသည် ဖမ်းထား၍ သိမ်းထားခဲ့သည်။ သူသည် ဘုရားသခင်နောက်သို့ လုံးလုံးလျားလျား လိုက်သဖြင့် ကိုယ်တော်၌ ပိုမို၍ အမြဲတိုးပွားခြင်းကို စိတ်ချခဲ့သည်။

အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏လမ်းကို တွေ့မြင်သောအခါ မိမိကိုယ်ကို ပျော်ရွှင်ခြင်းနှင့် လျှောက်လှမ်းနိုင်၍ ဘာပဲဖြစ်ဖြစ် အသက်တာ၏ ရှုပ်ထွေးခြင်း အမျိုးမျိုးတို့ ပျောက်ကွယ်သွားမည်။ ဆန္ဒရှိသော ခြေထောက်အတွက် ရိုးရှင်းသောလမ်း အမြဲရှိသည်။ ၎င်းမှာ ကားတိုင်လမ်းဖြစ်သည်။

## ဆက်ကပ်အပ်နှံခြင်း၏ သေချာသော အကျိုးသက်ရောက်မှုများ

Positive Coinsequeces of Consecration

လူတဦးသည် ဘုရားသခင်နောက်သို့ လုံးလုံးလျားလျား လိုက်သောအခါ သူ၏ ဆက်ကပ်အပ်နှံခြင်း အတွက် မလွဲမရှောင်သာသော အကျိုးသက်ရောက်မှုများကို အသက်တာ၌ တွေ့ရသည်။ သူ့ကို ကြည့်နေသောသူအားဖြင့် လွယ်ကူစွာ မှတ်မိနိုင်သည်။ မိမိကိုယ်ကို ချည်နှောင်ခြင်းမှ လွတ်မြောက်သောအခွင့် ရခဲ့သည်ကို တွေ့ရသည်။ မိမိအလိုဆန္ဒအတိုင်းသာ အသက်ရှင်သော လူတဦးသည် ဘုရားသခင် မပါသောအခါ မိမိကိုမိမိ ချည်နှောင်ထားခြင်းကို ခံရသည်။ သူ့အတွက် ချည်နှောင်ခဲ့သော သံကြိုးကိုဖြတ်ရန် ကိုယ်ကျင့်တရားအားဖြင့် မရနိုင်ပါ။

အဖိုးအခပေးရသော အနာခံခြင်းတိုင်းသည် ကိုယ်ခန္ဓာအင်အားကို ပို၍တိုးပွားစေသည်။ ၎င်းသည် ဆက်လက်ဖြစ်ပေါ်လာမည့် နာခံခြင်းနှင့် ရန်ပွဲ အတွက်ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် နာမခံသော အရာတိုင်းသည် ခရစ်တော်၏ ကျွန်ုပ်တို့နှလုံးသားများ ၌ရှိသော ကျေးဇူးတော်ကို ဟန့်တားခြင်းဖြစ်သည်။ ဟုတ်ပါသည်၊ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးတခုလုံးနှင့် ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းသည် ဘုရားသခင်၏ နောက်တော်သို့ ကိုယ်စိတ်နှလုံးနှင့် လိုက်ပါခြင်းအပေါ် မူတည်သည်။ ဤနေရာ၌ ကာလက်သည် ကျွန်ုပ်တို့ အတွက် သက်သေ သာဓက ဖြစ်သည်။

ထိုအခါ ဘုရားသခင်နောက်သို့ လုံးလုံးလျားလျား လိုက်သောသူသည် ကိုယ်တော်နှင့် အမှန်တကယ် တူလာမည်။ မစုံလင်သော တန်ခိုးများအား ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့် ပြန်လည်ဖြည့်ဆည်းပေးသည်။ ချိနဲ့နေသော ကျိုးစားမှုများသည် ကိုယ်တော်နှင့် ပူးပေါင်း ပါဝင်ခြင်းအားဖြင့် အကျိုးကို ဖြစ်ထွန်းစေသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်နောက်သို့ လုံးဝ လိုက်လျှောက်သောအခါ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးနှင့် ဆိုင်သော အမွေများကိုပါ ပိုင်ဆိုင် ရမည်။ ကာလက်၏ သစ္စာရှိမှုကြောင့် ဟေဗြုန်ကို ပိုင်ဆိုင် ကတိပေးခဲ့သည်။ ဘုရားသခင်၏ ကတိတော်များ အောက်၌ ကျွန်ုပ်တို့ ပိုင်ဆိုင်သော ဟေဗြုန် များစွာ ရှိသည်။ ခရစ်တော်ပိုင်ဆိုင်သော အရာများတွင် ရှာ၍ မကုန်နိုင်သော ကြွယ်ဝချမ်းသာခြင်းများ၊ များစွာသော ကျေးဇူးတော်များနှင့် အသက်တာနှင့် ဘုရားသခင်နှင့် မွေ့လျော်ခြင်းအတွက် အရာအားလုံးတို့ အပါဝင်ဖြစ်သည်။ သို့သော် ဤအရာများသည် ကျွန်ုပ်တို့ ကိုယ်တော်နောက်သို့ လက်တွေ့လိုက်လျှောက်မှသာ ထိုအရာအားလုံးကို ကျွန်ုပ်တို့ ပိုင်ဆိုင်မည်။ သို့သော် ထိုကဲ့သို့သော ဝိညာဉ်ရေးနှင့်ဆိုင်သော အမွေတိုင်း၌ အသစ်သောတိုက်ပွဲကို ယူဆောင်လာသည်။ အာနက လူမျိုးများသည် ဟေဗြုန်၌ ဆက်လက်နေသေးသည်။ ထိုမြေကို ကာလက်ပိုင်ကြောင်း သူသိသော်လည်း ကျူးကျော်ဝင်ရောက်သော သူများကို နှင်ထုတ်ရမည်။ ထိုအရာသည် ကျွန်ုပ်တို့နှင့် တူသည်။

ဝိညာဉ်ရေးနှင့်ဆိုင်သော အသက်တာတိုင်း၌ အသစ်သောခြေလှမ်းကို လှမ်းသောအခါ အသစ်သော ယှဉ်ပြိုင်ခြင်းကို ရင်ဆိုင်ရစမြဲ ဖြစ်သည်။ ကောင်းကြီးအသစ်တိုင်းအတွက် ကြွေးကြော်သောအခါ ၎င်းသည် စစ်တလင်းပြင် ဖြစ်လာသည်။ သို့သော် စစ်ပွဲ၌ ကျွန်ုပ်တို့ တစ်ယောက်တည်း မတိုက်ပါ။ ရန်သူကို ထပ်ခါတလဲလဲ သုတ်သင်ဖယ်ရှင်းရမည်။ ကျွန်ုပ်တို့ အတွက် ဟေဗြုန်သည် ဘုရားသခင်၏ ဆုကျေးဇူးဖြစ်သည်။ ထို့ကြောင့် ၎င်းကို ပိုင်ဆိုင် ရန် ခွန်အားစိုက်ပါက ကျွန်ုပ်တို့သည် ကာလက်တွေ့ ခဲ့သကဲ့သို့ တွေ့မည်။ "ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကြီးမားစေ၍ အင်အားရှိသထက်ပို၍ အင်အားရှိရန် ပြုလုပ်တော်မူသည်။'' ကျွန်ုပ်တို့သည်သာလျှင် တိုက်ပွဲကို မရှောင်ရ။ ရှောင်ပါက ကောင်းကြီးကို ဆုံးရှုံးကြမည်။ ခရစ်တော်နောက်သို့ လိုက်ခြင်းသည် ကိုယ်တော်၏ အောင်နိုင်ခြင်းကို လုံးဝ ဝေမျှရန်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင် အနာတရမရှိဘဲနှင့် မရနိုင်ပါ။

ကိုယ်တော်နောက်သို့ လုံးဝ လိုက်ခြင်းသည် ယုံကြည်သူ တစ်ဦးစီအတွက် ဝမ်းမြောက်စွာ ပေးကမ်းခြင်း သာမက ရရှိခြင်း အဓိပ္ပါယ် ဖြစ်သည်။ ၎င်းသည် အခြားသူများအတွက် သာသနာနယ်မြေ ဖြစ်၍ အချို့သောသူများအတွက် ကိုယ်တော်၏အိမ်တွင် ပျောက်သော သူများအား ရှာဖွေခြင်းဖြစ်သည်။ သို့သော် အားလုံးအတွက် အသက်ရှင်သော အသက်တာဖြစ်၍ ကိုယ်ကျိုးစွန့်ခြင်းအားဖြင့် ကိုယ်တော်၏ ရွေးနုတ်တော်မူခြင်း ကောင်းကြီးများ အားဖြင့်သာလျှင် လူများတို့ အနားသို့ ရောက်နိုင်သည်။ သို့သော် ရွေးချယ်ရန် ကျွန်ုပ်တို့အပေါ် မူတည်သည်။ "ငါ့နောက်သို့ လိုက်လော့" ခရစ်တော် ပြောနေသည်။ ကောင်ကင်နိုင်ငံနှင့်ဆိုင်သော ဟေဗြုန်ကို ကျွန်ုပ်တို့ ပိုင်သောအခါ အသက်တာ၏ စစ်ပွဲများ ပြီးဆုံးသွားမည်။ ဘုရားသခင်၏ နောက်သို့ လုံးဝလိုက်သော ကာလက်များ ထံမှ ကျွန်ုပ်တို့ပါဝင်သောအခါ ၎င်းသည် ကျွန်ုပ်တို့၏ ထာဝရ ဝမ်းမြောက်ခြင်းကို ဖြစ်စေမည်။

- Adapted

# တစ်ယောက်တည်း ဆုတောင်းခြင်း

(Private Prayer)

သင်သည် ဆုတောင်းသောအခါ ဆိတ်ညံရာ အခန်းသို့ ဝင်၍ တံခါးကို ပိတ်ပြီးမှ မထင်ရှားသော အရပ်၌ ရှိတော်မူသော သင်၏အဘကို ဆုတောင်းလော့။ မထင်ရှားသောအရာကို မြင်တော် မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူလတ္တံ့။ (မဿဲ ၆း၆) တယောက် တည်း ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ ရိုးသား ဖြူစင်မှုကို စမ်းသပ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ အတွက် လမ်းညွှန်ခြင်း၊ ကျေးဇူးတော်၌ ကြီးထွားခြင်း၏ စည်းမျဉ်းကို ဆိုလိုခြင်းဖြစ်သည်။ ဤအရာကို ကျွန်ုပ်တို့ ပြုလုပ်ရန် ပျက်ကွက်သောအခါ ရှိခဲ့ပါသည်။ ''ဆင်ခြင်ကြလော့'' (ဇေဖနိ ၁း၅၊၇) ထိုစကားကို ကျွန်ုပ်တို့ နာခံရန် အချိန်တန်ပြီ။ ဘုရားသခင်နှင့် ပေါင်းသင်း ဆက်ဆံရေးအတွက် ပြုထားသော ကောင်းကြီးတို့ကို ကျွန်ုပ်တို့ ဆုံးရှုံး ခံကြဦးမည်လော။ အမြင့်ဆုံးသော ဘုရား၏ လျှို့ဝှက်သောနေရာသည် ရှုံပါရုံ၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း တခုဖြစ်သည်။ အခန်းလေးတခုသည် ခွန်အားပြန်လည် အသစ်ဖြစ်ခြင်း၊ ကျေးဇူးတော်များပြန်လည်နိုးထခြင်းများကိုဖြစ်စေသော အခန်းဖြစ်သည်။

ဤကမ္ဘာလောက၏ ပျော်ရွှင်စရာများ၊ ကြည့်ရှုစရာများသည် ဆုတောင်းခြင်းကို အမြဲ ဟန့်တားသော အရာများမဟုတ်ပါ။ အချို့သူများက သီးသန့် လုပ်ဆောင်ရမည့် အရာများကို တားဆီးရန် အများ အတွက် တာဝန်ကျသော အလုပ်များကို လက်ခံ ကြသည်။ ထို့ကြောင့် အစည်းဝေးများကို တနေရာပြီးတနေရာ ပါဝင်ခြထင်းဖြင့် အလုပ်များ နေသောအခါ ဘုရားသခင်နှင့် ကိုယ်တိုင် လျှို့ဝှက်စွာ တွေ့ဆုံရန် အချိန်မရတော့ပါ။ ဤအရာကို သတိပြုပါ။

အချို့သူများက စာဖတ်ခြင်း၌ စိတ်ဝင်စားခြင်းဖြင့်၎င်း၊ ဒေသနာများအတွက် ပြင်ဆင်ပေးနေသော အချိန်များကြောင့်၎င်း၊ ဘုရားသခင်နှင့် တယောက်တည်း ဆက်သွယ်ရန် မပြုနိုင်တော့ပါ။ စာတန်သည် တယောက်တည်း ဆုတောင်းခြင်းကို အရာအားလုံးထက် ဟန့်တားရန် ရှာဖွေလျက်ရှိသည်။ ဤအချက်၌ သူအောင်မြင်ပါက ခရစ်ယာန်တို့သည် အရာတိုင်း၌ ဆုံးရှုံးမည်ကို သူကောင်းကောင်း သိသောကြောင့်ဖြစ်သည်။

ဓမ္မသစ်ကျမ်း အဟောင်းနှင့် အသစ် ကာလများတွင် အထင်ရှားဆုံးသော သူတော်စင်များသည် တဦးတည်း ဆုတောင်းခြင်းဖြင့် မိမိတို့ကိုယ်ကို အသုံးပြုခဲ့ကြသည်။ ''အာဗြဟံ သည် ဗေရရှေဘ အရပ်၌ မန်ကျည်းပင်ကိုစိုက်၍ အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်တည်းဟူသောထာဝရဘုရား၏နာမတော်ကို ပဌနာပြုလေ၏'' (ကမ္ဘာ ၂၁း၃၃) ''ဣဇာက်သည် ညဉ့်ဦး အချိန်၌ ဆင်ခြင်လိုသောငှါ တောအရပ်သို့ တက်သွာ၏'' (ကမ္ဘာ ၂၄း၆၃) - ဟေဗြဲစကားလုံး "ဆင်ခြင်" သည် ဆုတောင်းရန်ကို ဆိုလို၏။ အခြားနေရာ၌ ''ဆက်သွယ်ခြင်း'' နှင့် ''ဆုတောင်းခြင်း'' အဓိပ္ပါယ် ဆောင်သည်။ ထိုကဲ့သို့ပင် ယာကုပ်၊ မောရှေ၊ ရှမွေလ၊ ဒါဝိဒ်၊ ဧလိယ၊ ဟေဇာကက စသည်တို့သည် တဦးတည်း၏ ဝတ်ပြုကိုးကွယ်ခြင်းများကို သမ္မာကျမ်းစာ၌ မှတ်တမ်းတင်ခဲ့သည်။ ဒံယေလနှင့် ပတ်သက်၍ ကျွန်ုပ်တို့ ဖတ်ခဲ့ရသည်။ ဒံယေလသည် တနေ့သုံးကြိမ်ဒူးထောက်လျက် ဘုရားသခင်ကို ဆုတောင်း၍ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း လေ၏" (ဒံ ၆း၁၀) သူသည် ဘယ်လောက် အလုပ်များနေပါစေ သူ၏ သီးသန့် ဝတ်ပြု ကိုးကွယ်ခြင်းကို ဟန့်တားစေရန် အများအတွက် တာဝန်များကို လက်မခံပါ။

ခရစ်တော်ကိုယ်တိုင် ကမ္ဘာမြေပေါ်ရှိစဉ် မိမိကိုယ်မိမိ တဦးတည်း ဆုတောင်းသော အလေ့အထကို ပြုခဲ့သည်။ မဿဲ ၁၄း၂၃၊ မာကု ၁း၃၅၊၆၊၄၆၊ လုကာ ၅း၁၆ ကျမ်းပိုဒ်များ တို့၌ ကိုယ်တော်အနားယူသောအခါ တွေ့နိုင်သောနေရာများသည် ''တောင်ပေါ်၌ ဆိတ်ကွယ်ရာ အရပ်သို့'' ''တော်အရပ်သို့'' ဖြစ်ကြ၏။ ကိုယ်တော် တပါးတည်း ဘုရားသခင် နှင့်အတူရှိရန် အနှောက်အယှက်နှင့် အာရုံပြောင်းခြင်းမှ လွတ်ကင်းရန်အတွက် ဖြစ်သည်။

စစ်မှန်သော ခရစ်ယာန်သည် သူ၏ဆုတောင်းသော အသက်တာကို သိမှတ်၍ ဘုရားသခင် သူ့ကို လျှို့ဝှက်စွာ မြင်၍ သူ့အသံကို ကြားသည်။ အခန်းကလေး၌ သူနှင့် ဆက်သွယ်ခြင်းကို ပြုလုပ်သည်။ ကျွန်ုပ်တို့ ဖွဲလုံ့လနှင့် ပြုလုပ်သော သီးသန့်ဝတ်ပြုခြင်းများသည် ကျွန်ုပ်တို့၏ ရိုးသားဖြောင့်မတ်သော မှတ်ကျောက်တခု ဖြစ်သည်။

## ဖခမည်းတော်၏ ကောင်းကြီးမင်္ဂလာများ

The Father's Blessings

ဘုရားသခင်သည် သူ့ရှေ့၌ရှိသောသူများအား တိတ်ဆိတ်စွာ မိမိကိုယ်တိုင်နှင့် လွတ်လပ်စွာ ဆက်သွယ်ရန် ခွင့်ပေးခဲ့သည်။ မောရှေနှင့်လည်း ထိုကဲ့သို့ ဆက်သွယ်ခဲ့သည်။ တောင်ပေါ်၌ ယေဟောဝါ ပညတ်တော် ပေးခဲ့သောအခါနှင့် တဲတော်အတွက် ပုံစံကို ပေးခဲ့သောအခါ ဖြစ်သည်။ ဒံယေလသည် တဦးတည်း ဆုတောင်းနေစဉ် ဘုရားသခင်သည် သူ၏အကြံဉာဏ်ကို ဖော်ပြရန် ကိုယ်တော်၏ ကောင်းကင်တမန်ကို စေလွှတ်ခဲ့သည်။ ထိုအရာသည် ယေရုရှလင်မြို့၏ ပြန်လည်ပြုပြင်ခြင်းနှင့် မေရှိယ ကြွလာတော်မူသော အချိန်အထိ ပတ်သက်သော အကြောင်းအရာဖြစ်သည်။ (ဒံ ၉း၃၊ ၂၁၊၂၇) ထိုအချိန် အခါ၌ ဒံယေလသည် ဘုရားသခင်၏ ကျေးဇူးတော် ပလ္လင်တော် ရှေ့မှောက်တွင် တယောက်တည်း ဆုတောင်း ဆက်ကပ်နေချိန်၍ ဘုရားသခင်သည် သူ့ကို "အလွန်ချစ်အပ်သောသူ" ဖြစ်ကြောင်း ခိုင်မာစွာ ပြောခဲ့သည်။ (ဒံ ၁၀း၁၁၊၉) ကွယ်ဝှက်ထားသော ဆုတောင်းအိမ်လေးထဲ၌သာလျှင် ကိုယ်တော်၏ အချိုသာဆုံးနှင့် ရွေးချယ်ထားသော ကောင်းကြီးများကို များသောအားဖြင့် ချပေးသနားတော်မူခြင်း ဖြစ်သည်။ ကောနေလိသည် မြင့်မားစွာ ချီးကျူးခြင်း ခံရ၍ ကျေးဇူးတော်များစွာနှင့် ချီးမြင့်ခြင်း ခံရသည်မှာ ဘုရားသခင်ထံ တဦးတည်း ဆုတောင်းလေ့ ရှိသောကြောင့် ဖြစ်သည်။ (တမန် ၁၀း၁-၄) ပေတရုသည် တဦးတည်း ဆုတောင်းနေစဉ် မယုံကြည်သူများနှင့် ပတ်သက်သော အံ့သြဘွယ်ရာ ရူပါရုံကို ခံစားခဲ့ရသည်။ (တမန် ၁၀း၉-၁၃)

တစ်ဦးတည်း ဆုတောင်းခြင်း၏ ကြီးမားသော အောင်မြင်ခြင်းများကို ကျမ်းစာထဲ၌ မှတ်တမ်းတင်ထားသည်။ ၎င်းတို့အထဲ၌ အံ့သြဘွယ်ရာ များဖြစ်သော ဘုရားသခင်နှင့် တိတ်ဆိတ်စွာ နဘန်းလုံးနေခြင်း၊ ခမ်းနားသော ဂရုဏာတော် များကို ရရှိခဲ့ခြင်း၊ တရား စီရင်ခြင်းများကို လမ်းကြောင်းပြောင်းခဲ့ခြင်း၊ ရွေးနုတ်ခံရခြင်းများကို မြဲမြဲလုံခြုံစေခြင်း၊ ဣဇာက်သည် ကောင်းသောဇနီးရရန် ဘုရားသခင်နှင့် တဦးတည်း တောင်းပန် ဆုတောင်းနေခြင်းဖြင့် ရေဗက္ကာကို တွေ့ဆုံခဲ့ခြင်း၊ (ကမ္ဘာ ၂၄း၆၃-၆၄) ဟေဇကိမင်းသည် တဦးတည်း ငိုကြွေးလျက် ဆုတောင်းနေစဉ် ဘုရားသခင်သည် ပရောဖက်ဟေရှာယကို စေလွှတ်၍ ကိုယ်တော်သည် သူ၏ အသက်ကို တဆယ့်ငါးနှစ် တိုးပေးမည်ဟု အခိုင်အမာ ပြောခဲ့ခြင်း၊ (ဟေ ၃၈း၅) ယောနသည် ဝေလငါးကြီး၏ ဗိုက်ထဲ၌ ပိတ်မိနေသောအခါ သူ၏ ဆုတောင်းသံကို နားညောင်းသော ဘုရားသခင်သည် သူ့ကိုကယ်တင်ခဲ့ခြင်း၊ (ယောန ၃၂း၁-၁၀) တစ်ဦးတည်း ဆုတောင်းခြင်း၏ တန်ခိုးအရှိန် ကြီးမားပါသည်ကားသေပြီးသောသူကို အသက်ပြန်ရှင်စေခဲ့ခြင်း၊ များစွာတို့ ပါဝင်သည်။ (၃ဓမ္မရာ ၁၇း၁၈-၂၂) (၄ဓမ္မရာ ၄း၃၂-၃၅)

ကျွန်ုပ်တို့ နိုးထစေရန် ဤစဉ်းစား ဆင်ခြင်သော အရာများကို သန့်ရှင်းသော ဝိညာဉ်တော် ကျေးဇူးတော်ဖြင့် အသုံးပြုတော်မူပါ။

## သန့်ရှင်းသော အသက်တာ၏ လျှို့ဝှက်ချက်

The Secret of Holy Living

ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဆိုင်သော စာရေးဆရာများ အထဲတွင် ပေါလုနှင့် ဒါဝိဒ်သည် တုဘက်ကင်းသော သူများဖြစ်သည်။ ကျွန်ုပ်တို့သည် ဒါဝိဒ်၏ ဆာလံကျမ်းများ သို့မဟုတ် ပေါလု၏ စာများကို ဝတ်ပြုကိုးကွယ်ခြင်းအတွက် ဖတ်သောစာများ ဖြစ်သည်။ နှစ်မျိုးစလုံးသည် ကျွန်ုပ်တို့အား ၎င်းတို့၏ တင်းကြပ်သော ယုံကြည်စိတ်ချမှုနှင့် နက်နဲသော နလုံးသား၏ လျှို့ဝှက်ချက်များကို ဖော်ပြသည်။ သူတို့သည် အယူအဆကို ဖော်ထုတ်သူ တယောက်မျှ မဟုတ်ပါ။ သူတို့၏ စာအရေးအသားများသည် ဘုရားသခင်နှင့် ကိုယ်တိုင်ဆက်နွယ်ခြင်းမှ ဖြစ်ပေါ်လာသော အရေးအသား များ ဖြစ်သည်။ နှစ်ဦးစလုံးသည် နာမ်စားများကို အံ့ဘွယ်ရာ ကျွမ်းကျင်ခြင်းနှင့် အသုံးပြုကြသည်။ တိုက်ခိုက်ခြင်းနှင့် ဘယ်တော့မှ မပြုဘဲ ဘုရားတရား ယုံကြည်သော စာဖတ်သူတို့နှင့် နလုံးသား နွေးထွေးမှု နီးစပ်ခြင်း အမြဲပြုသည်။ ဥပမာများအားဖြင့်-

ဒါဝိဒ်ကို နားထောင်ပါ...''ထာဝရဘုရား၏ တင်တယ်ခြင်း အသရေကို ဖူးမြင်၍၊ ဗိမ္မာန်တော်၌

မွေ့လျော်ခြင်းအလို့ငှါ၊ ထာဝရဘုရား၏ အိမ်တော်မှာ တသက်လုံး နေရမည် အကြောင်းတည်းဟူသော အခွင့် တခုကို ထာဝရဘုရား၌ ငါဆုတောင်းပြီ၊ ထိုအခွင့်ကို ရှာဦးမည်။" (ဆာလံ ၂၇း၄)

ပေါလုကို နားထောင်ပါ...''သို့သော်လည်း ငါ၏အကျိုးစီးပွားကို ပြုစုသော အရာရှိသမျှတို့ကို ရှုံးစေသော အရာကဲ့သို့ ခရစ်တော်ကြောင့် ငါထင်မှတ်၏။ ညီအစ်ကိုတို့ ငါကိုင်မိပြီဟု ကိုယ့်ကိုယ်ကို မထင်သော်လည်း၊ ငါပြုသော အမှုတခု ဟူမူကား နောက်ကျသောအရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ရှိသော အရာတို့ကို လှမ်းကမ်း၍ ယေရှုခရစ် အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော် မူခြင်းနှင့် ဆိုင်သော ဆုကိုရခြင်းငှါ၊ ပန်းတုံးတိုင်သို့ ငါလိုက်ပြေး၏။ (ဖိလိပ္ပိ ၃း၇၊ ၁၃-၁၄) အရာ သုံးမျိုးသည် မိမိတို့၏ ဝိညာဉ်ရေးနှင့်ဆိုင်သော အသက်တာ ထူးခြားမှုကို ဖော်ပြနေခြင်း ဖြစ်သည်။

## တခုတည်းသော ရည်ရွယ်ချက်

(Singleness of Purpose)

သူတို့နှစ်ဦးစလုံးသည် "အကြောင်းအရာ တခု" ကိုသာ ဆက်ကပ်ခဲ့သည်။ ''ရှာဖွေ၍ မရနိုင်သော ခရစ်တော်၏ ကြွယ်ဝချမ်းသာခြင်းများကို တွေ့ရှိခဲ့ပြီးနောက် သူတို့သည် အခြားသော စဉ်းစားတွေးတောစရာများနှင့် လိုက်လံဖမ်းဆီးခြင်း အားလုံးများမှ လှည့်ပြန်ခဲ့သည်။ ဘုရားသခင်၏ ဘုန်းတော်နှင့် လုပခြင်းကို တွေ့ရှိပြီးသော အချိန်မှစ၍ သူတို့အတွက် ဘယ်အရာမှ တကယ်ဘဲ အရေးမကြီးတော့ပါ။

## တစ်ခုတည်းသော လိုက်လံဖမ်းဆီးခြင်း

(Singleness of Pursuit)

ဒုတိယအချက်မှာ- သူတို့၏ အသက်တာများကို တခုတည်းသော လိုက်လံဖမ်းဆီးခြင်း အားဖြင့် ထူးခြားမှုကို ဖော်ပြခဲ့သည်။ နှစ်ဦးစလုံးက ကြေငြာခဲ့သည်။ ''ငါပြုသောအမှုတခု''ထိုအခွင့်တခုကို ငါရှာမည်။" သူတို့ဝိညာဉ်များက သူတို့ကို ဆွဲဆောင်ခဲ့သော တစ်ပါးတည်းသောသူ နောက်သို့ လိုက်လံဖမ်းဆီးခြင်းဖြင့် ငြိမ်နေရန် ကျေနပ်ရောင့်ရဲခြင်း မရှိသေးပါ။ ပြုမူသော အရာတိုင်းသည် ပန်းတုံးတိုင်သို့ ဖြစ်ရမည်။ ထိုပန်းတုံးတိုင်သည် ပုဂ္ဂိုလ်တော်မြတ် တစ်ဦးဖြစ်သော-သခင်ယေရှုခရစ် ဖြစ်သည်။

## တစ်ခုတည်းသော ချစ်ခြင်းမေတ္တာ

(Singleness of Love)

တတိယအချက်မှာ- သူတို့အသက်တာများကို တစ်ခုတည်းသောချစ်ခြင်းမေတ္တာအားဖြင့် ဖော်ပြခဲ့သည်။ သူတို့နှစ်ဦးစလုံးသည် ပုဂ္ဂိုလ်တပါးအားဖြင့် လုံးဝစွဲမက်စေခဲ့သည်။ ဒါဝိဒ်၏ ဗိမ္မာန်တော် ဖြစ်သော ကြောင့် ဖြစ်သည်။ ထိုနေရာတွင် သူသည် ''ထာဝရဘုရား၏ တင့်တယ်ခြင်း၊ အသရေတော်ကို ဖူးမြင်'' ရသည်။ ပေါလုလည်း ထိုနည်းတူ ဖြစ်သည်။ ချစ်ခြင်းမေတ္တာ၏ ခိုင်းစေခြင်းတခုသည် တာဝန်ရှိသော လမ်းသို့ ပို့ဆောင်ခဲ့သည်။ တုံ့ဆိုင်းခြင်း မရှိဘဲ သူကြေငြာလိုက်သည်။ ''ထိုမျှမက ငါ၏သခင် ယေရှုခရစ်ကို သိသော ပညာသည် အဘယ်မျှလောက် မြတ်သည်ကို ထောက်၍၊ ခပ်သိမ်းသောအရာတို့ကို ရှုံးစေသော အရာကဲ့သို့ ငါထင်မှတ်၏။" (ဖိလိပ္ပိ ၃း၈-၁၀၊၁၂) ခရစ်တော်အတွက် ပေါလု၏ ချစ်ခြင်းမေတ္တာကို ဖော်ပြသော စစ်မှန်သော စကားပြေ တစ်ခုမှာ "ယေရှု တပါးသာလျှင်၊ ဘာမျှမပို၊ ဘာမှမလျော့၊ တခြား ဘာမျှမရှိ။"

ကယ်တင်ရှင်ကို ချစ်ခြင်းသည် ကိုယ်တော်ချစ်သော အရာများကို ချစ်ခြင်းဖြစ်သည်။ ကိုယ်တော်ပြုသော အရာများကို ပြုလုပ်ခြင်းဖြစ်၍ ကိုယ်တော်ခံစားခဲ့ရသော အရာများ ခံစားခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် ကိုယ်တော်နှင့် တူရန်ဖြစ်သည်။

ပေါလုပြောထားသည်၊ ''ငါတို့ရှိသမျှသည် မျက်နှာဖုံးကို ဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့၊ သခင် ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍ ဝိညာဉ်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည့်အတိုင်း၊ ငါတို့သည် ဘုန်းအသရေ တိုးပွါး၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းသို့ ရှိရကြ၏။ (၂ကော ၃း၁၈) မိတ်ဆွေတို့ ထိုအရာသည် သန့်ရှင်းသော အသက်တာအားလုံး၏ လျှို့ဝှက်ချက်ဖြစ်သည်။

- Melyin H. Snyder

# သံ- အမြတ်ဆုံးသောမီး

(Iron- Divine Fire)

by Oswald J. Smith

D.L Moody ပြောခဲသည်...''ကိုယ်တော်ကို လုံးဝအပ်နှံခဲ့သော လူတစ်ဦးအားဖြင့် ဘုရားသခင် ဘာလုပ်နိုင်သည်ကို ကမ္ဘာကြီးက စောင့်ကြည့်ရဦးမည်။ "Moody သည် ဘိသိက်ခဲ့ရပြီးသော်လည်း သူ၏ အသက်တာကို အပ်နှံခဲ့သောကြောင့် တန်ခိုး ရရှိသောသူ ဖြစ်ခဲ့သည်။ တနည်းအားဖြင့်ဆိုသော် ဘုရားသခင်နှင့် နေ့စဉ်ထိတွေ့ခြင်းကြောင့် အသစ်သော ဝတ်ပြု ကိုးကွယ်ခြင်း တခုစီအတွက် လန်းဆန်းသော ဘိက်သိက်ခံရသောသူ ဖြစ်သည်။

ဥပမာ- ဤနေရာ၌ မီးရှိ၍ ဤနေရာ၌ သံစ တခုရှိသည်။ ကျွန်တော်သည် ဤသံကို ပူစေလိုပါက ၎င်းလို မီးအနား၌ ထားထားရမည်။ ကျွန်တော်သည် တမူထူးခြားသောအတွေ့အကြုံကိုပြုလုပ်လိုပါကတခါမှ မဖြစ်ဖူးသောအရာကို ပြုလုပ်ရမည်။ ကျွန်တော်သည် ထိုသံကို မီးထဲသို့ ချက်ချင်း ချလိုက်ပါက ၎င်းသည် နီရဲပြီး ပူလာမည်။ သို့သော်လည်း ၎င်းသည် မီးပို တချိန်လုံး မလိုအပ်ပါ။ "ယခုကျွန်ုပ်သည် အံ့ဩဘွယ်ရာ ခံစားချက်များကို ခံစားရသည်။ ကျွန်တော်သည် ပူ၍ တချိန်လုံး ပူနေမည်။ ကျွန်တော်ကိုင်သော အရာတိုင်းသည်လည်း ပူလာမည်။''ဟု အထင်နှင့် မီးကို တမင် ထားခဲ့ပြီး အလုပ်တခုအတွက် ထွက်သွားမည်ဟု အကြံရှိခဲ့သည်။ စိတ်ထဲ၌ အပေါ်တက်လာသည်။ သံ၏သတ္တုချေးများအားလုံး လောင်ကျွမ်း၍ ယခု၎င်း၏ အပူအငွေ့ကို သွားလေရာရာ၌ ပြန့်သွားနိုင်တော့မည်။ ဒါမှမဟုတ်သေးဘူး- ၎င်းသည် မကြာမီ ပြန်အေးသွားပြီး လုံးဝအပူငွေ့ကို ပြန့်နိုင်မည် မဟုတ်ပါ။ ဒါဆို ဘာလုပ်ရမလဲ။ ၎င်းကို မီးအနား၌သာ ထားခဲ့ရမည်။ ထိုကဲ့သို့ ပြုမှ၎င်းသည် မီး၏အငွေ့ကို စုဝင်စေနိုင်သည်။

မိတ်ဆွေ သင်သည်လည်း ထိုအရာကဲ့သို့ ဖြစ်သည်။ သင်သည် ကြီးမားသော အတွေးအကြုံ ခံစားရမည်။ မြင့်မြတ်သော မီး၏ အစုဝင် ဖြစ်စေမည်။ သို့သော် သင်သည် ဘုရားသခင်၏ ရှေ့တော်မှောက်၌ မီးနှင့် နေ့စဉ် ထိတွေ့ခြင်း မရှိပါက သင်သည် မကြာမီ အေးစက်လာပြီး တန်ခိုးမရှိဘဲ ဖြစ်မည်။ အကယ်၍ ဘိသိက်ပေးခြင်း ဆက်လက်တည်ရှိပါက ၎င်းသည် သင့်ကို ဘိသိက်ပေးသောသူနှင့် နေ့စဉ် ဆက်သွယ်ခြင်းနှင့်မိတ်သဟာယဖွဲ့ခြင်းကိုအရေးတယူ ဆောင်ရွက်ပေးမည်။ ကောင်းကြီးပေးသူနှင့် အစဉ်အမြဲ အဆက်အသွယ် ရှိမှ ကောင်းကြီးမင်္ဂလာများကို သိမ်းထားနိုင်မည်။ ဤအရာသည် လွယ်ကူသော လမ်း မဟုတ်ပါ။ အဖိုးအခ ပေးရပါမည်။ ဤအရာအတွက် အဘိုးအခသည် ဘုရားသခင်နှင့် နေ့စဉ်ဆက်သွယ်ပါ။ ထိုကဲ့သို့ အဘိုးအခကို အနည်းငယ်သာ ပေးကြမည်။ သူတို့သည် ကောင်းကြီးမင်္ဂလာများနှင့် ပေါ်လွင် ထင်ရှားခြင်းကိုသာ ရှာကြမည်။ သူတို့သည် ဝမ်းနည်းကြေကွဲ၍ ဆုတောင်းကြမည်။ သို့သော် သူတို့သည် တည်ထောင်ပေး၍ နေရာချထားပေးသော ဘုရားသခင်အပေါ် နေ့စဉ် စောင့်နေခြင်းကို သူတို့ အာရုံမစိုက် အလေးမထားပါ။

မိတ်ဆွေ၊ သင်သည် ဘုရားသခင်နှင့် တွေ့ဆုံရန် အတွက် နေရာရှိသလား။ အချိန် ရှိသလား။ သို့မဟုတ် သင် အလွန်အလုပ် များနေသလား။ သင်သည် Morning Watch နှင့် Quiet Hour ကို စောင့်ရှောက်သလား။ ကိုယ်တော်ကို သင်သိပါသလား။ ကိုယ်တော်နှင့် တွေ့ဆုံခဲ့သလား။ သင်တွေ့ဆုံခဲ့မယ်ဆိုဒါ သေချာပါတယ်။ သင်ပြောင်းလဲခဲ့သော အချိန်တွင် ကိုယ်တော်ကို တွေ့ဆုံခဲ့တယ်။ သို့သော် ကိုယ်တော်ကို သင်သိပါသလား။ ကိုယ်တော်နဲ့ ရင်းနှီးခဲ့ပါသလား။ ကိုယ်တော်နဲ့အတူ မှန်မှန်လည်ပတ်ပါသလား။ ကိုယ်တော်က သင်အတွက် ------- ကဲ့သို့သောသူ ဖြစ်သလဲ။ ကျွန်တော်က လူများစွာကို တွေ့ဆုံခဲ့သည်။ သို့သော် အနည်းငယ်ကိုသာ သိသည်။ သူတို့ကို သိဖို့ရန် အတွက် သူတို့နှင့်အတူ နေရမည်။ သူတို့နှင့် ရင်းနှီးရန် အချိန်ယူရမည်။ သင်အချိန် ယူနိုင်သလား။ သင်သည် ဘုရားသခင်နှင့် လျှောက်လှမ်းရမည်။

ကိုယ်တော်သည် ကိုယ်တော်၏ လူများနှင့်အတူ ဆက်သွယ်ရန်အတွက် မလိုလားဘူးလား။ ဟုတ်ပါတယ်- လိုလားပါတယ်။ ကိုယ်တော်ကလည်း သင့်ကို နေ့စဉ်တွေ့ဆုံရန် လိုလားသည်။ သင်သည် မြင့်မြတ်သောမီး၏ အစိတ်အပိုင်း ဖြစ်လိုပါက ကိုယ်တော်ကို သင်သည် အစဉ်မပြတ် ဆက်သွယ်ရမည်။ မဟုတ်ပါက သင်သည် ကြာလေ အေးစက်သွားလေ ဖြစ်မည်။ သင်သည် ဘုရားသခင်နှင့် လျှောက်လှမ်းရမည်။

# အလိုရှိသည့် တောက်လောင်နေသော နှလုံးသား

Wanted: A Burning Heart

By Wesley L. Duewd

ခရစ်ယာန် ခေါင်းဆောင်အတွက် သန့်ရှင်းသော ဝိညာဉ်တော်ကို ရရှိရန် ရွေးစရာမရှိ။ သူသည် လူနှင့် ဘုရားအတွက် တောက်လောင်နေသော ချစ်ခြင်းမေတ္တာ နှလုံးသား ရှိရမည်။ Dr. George W. Peters ပြောခဲ့သည်၊ ''ဘုရားသခင် အသင်းတော်နှင့် ကမ္ဘာကြီးသည် တောက်လောင်နေသော နှလုံးသားများ ရှိသော လူတို့ကို ရှာနေသည် ... ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံသောနှလုံးသား၊ အသင်းတော်နှင့်ကမ္ဘာ၏ ဖျားနာသော အရာများအတွက် ဂရုဏာနှင့်ပြည့်သော နှလုံးသားများ၊ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားရန်နှင့် ယေရှုခရစ်တော်၏ ဧဝံဂေလိနှင့် ပျောက်ဆုံးသော သူများ၏ ကယ်တင်ခြင်းအတွက် ပြင်းပြသော နှလုံးသားများဖြစ်သည်။''

သူက ထပ်မံပြောသည်၊ ''ကမ္ဘာ၏ မတူညီသော အရာ၊ ရုပ်ဝတ္ထု၊ အေးစက်ခြင်းနှင့် ပျက်ရည်ပြုခြင်းသည် ပလ္လင်ပေါ်၌၊ ဘုရားရှိခိုးကျောင်းရှိ ခုံရှည်များ၌၊ တနင်္ဂနွေ ဥပုသ်ကျောင်း များ၌၊ ကျမ်းစာကျောင်းများ၌၊ နှင့် ခရစ်ယာန်ကောလိပ်နှင့် ဓမ္မ စာသင်ကျောင်းများ၌၊ ခရစ်ယာန်တို့၏ နှလုံးသား များကို တောက်လောင်စေသည်ဟု ဘုရားသခင် အဖြေပေးနေသည်။''

သင်သည် ခေါင်းဆောင်တဦးအဖြစ် တောက်လောင်နေသော နှလုံးသားမရှိပါက သင်၏လူ အနည်းငယ်တို့သာ သူတို့၏နှလုံးသား တောက်လောင်နေခြင်းကို သိမည်။ သူတို့အနီးနားရှိသူများကိုလည်း အနည်းငယ်သော အကျိုးကို ဖြစ်စေမည်။ အလုပ်များသော အသင်းတော်၊ ဖော်ရွေသောအသင်းတော်၊ ဧဝံဂေလိ အသင်းတော် တခုများသည် ခရစ်တော်အတွက် လူနေမှု အသိုင်းဝိုင်းကို အကျိုးပြုရန် ပို၍လိုအပ်သည်။ ၎င်းသည် တောက်လောင်နေသော အသင်းတော် ဘုရားသခင်အတွက် တောက်လောင်နေသော ခေါင်းဆောင်များအားဖြင့် ဦးဆောင်သောသူများ ဖြစ်ရမည်။

Samuel Chadwick သည် ''တောက်လောင်နေသော ချုံပုတ်'' ဖြစ်ခဲ့သည်။ သူသည် ဝိညာဉ်တော်နှင့် ပြည့်ဝခဲ့ပြီးနောက် ''အံ့ဩဘွယ်ရာ ကျေးဇူးတော်များက သူ့အသက်တာကို လွှမ်းမိုးခဲ့သည်။ ၎င်းသည် ဘုရားသခင်အတွက် ယခုတောက်လောင်နေသောမီး ဖြစ်သည်။ Francis W. Dixon က မည်ကဲ့သို့ ဖြစ်ကြောင်းကို ပြောပြသည်။ ''သူ၏တရားဟောသော တန်ခိုးနှင့် သူ၏ အသင်းသားများအပေါ် ကိုယ်ကျင့်တရား လွှမ်းမိုးခြင်းက ကြီးမားလွန်းသောကြောင့် အိမ်နီးနားချင်းရှိ ရဲမှူးကြီးပင်လျှင် တမြို့လုံးကို အမျိုးသား အမျိုးသမီးကြီးတို့ ဘုရားသခင်၏ တောက်လောင်နေသော ချစ်ခြင်းမေတ္တာအားဖြင့် သန့်ရှင်းခဲ့ပြီး ဖြစ်သောကြောင့် လူထုများအရှေ့၌ သူကျေးဇူးတင်ကြောင်းကို ထုတ်ဖော်ခဲ့သည်။

John Wesley တောက်လောင်နေသော နှလုံးသား၏ ဧဝံဂေလိဆရာသည် သူနှင့်အတူ အမှုတော်ဆောင်သူက ပရိတ်သတ်၏စိတ်ကို မည်ကဲ့သို့ ရယူနိုင်ကြောင်း မေးခဲ့သည်။ Wesley ပြန်ဖြေခဲ့သည်။ ''အကယ်၍ တရားဟောဆရာသည် မီးလောင်ပါက အခြားသူများက မီးကိုလာကြည့်ကြမည်။

လွန်ခဲ့သော ရာစုနှစ်တခုတွင် Dewitt Talmage ရေးသားခဲ့သည်။ ''ကျွန်ုပ်တို့သည် ဤခေတ်၌ အရာအားလုံးထက် လိုအပ်သောအရာမှာ မီးဖြစ်သည်။ ဘုရားသခင်၏ သန့်ရှင်းသောမီး၊ လူတို့အတွင်း နှလုံးသား၌ တောက်လောင်နေခြင်း၊ သူတို့၏ ဦးနှောက်များ နိုးထခြင်း၊ သူတို့၏ စိတ်လှုပ်ရှားမှုများကို တိုက်သွန်းနေခြင်း၊ သူတို့၏ လျှာများ၌ တသိမ့်သိမ့်တုန်ခြင်း၊ သူတို့၏ ပုံသဏ္ဍာန်များ မီးရောင်ထွက်နေခြင်း၊ သူတို့၏ အမှုအရာများ တုန်ခါနေခြင်း၊ သူတို့၏ သိမြင်နိုင်သောတန်ခိုး ချဲ့ထွင်ခြင်းနှင့် သူတို့၏ အသိပညာ၊ ယုတ္တိဗေဒ နှင့် ဟောပြောမှု အတတ်ပညာများကို တောက်လောင်နေသော ချောင်းကဲ့သို့ ဖြစ်စေ ပါ။ ဤဗုတ္တိဇံကို ကျဆင်းစေ၍ ယနေ့ထိ များစွာသော သူတို့သည် ရိုးရိုးနေရာ၌ရှိခြင်း (သို့) အားနည်းသော အမှုတော်ဆောင်များသည် ထိုအခါ အင်အားကြီးလာမည်။'' ဤအရာသည် ယနေ့ထက်တိုင် မှန်သည်။

စိတ်ဓာတ်ပြင်းပြသော ခရစ်ယာန်သည် ငရဲ၏မီးကို မသတ်ပါ။ တောမီးလောင်ခြင်းကို မီးနှင့်သတ်ခြင်းသာ အကောင်းဆုံး ဖြစ်သည်။ စိတ်ဓာတ်ပြင်းပြခြင်း မရှိသောသူသည် လူတို့ကို ဘယ်တော့မှ မတောက်လောင်စေနိုင်ပါ။ ပြင်းပြသောစိတ်ဓာတ် မရှိသော လူငယ် ခေါင်းဆောင်သည် ခရစ်တော်အတွက် ဘယ်တော့မှ မတောက်လောင်စေနိုင်ပါ။

ကျွန်ုပ်တို့သည် မတောက်လောင်မချင်း လူတို့၏ နှလုံးသားထဲသို့ စကားမပြောနိုင်ပါ။...

ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် နှလုံးသားထဲ၌ ဧဝံဂေလိ ရှိရုံနှင့် မလုံလောက်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော် အားဖြင့် လုံးလုံးလျားလျား ပိုင်ဆိုင်ခဲ့ခြင်း ရှိရမည်။ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးတော် အားဖြင့် လုံးလုံးလျားလျား ခံစားချက်ကို ဖော်ပြသည်။ ကိုယ်တော်၏ တန်ခိုးတော်၊ ဘုန်းတော်နှင့် လုံးလုံးလျားလျား တောက်လောင်သည်။ ကျွန်ုပ်တို့ မြေကြီးနှင့် ဆိုင်ရာ ကိုယ်ခန္ဓာအပိုင်းသည် ဘုရားသခင်၏ မြင့်မြတ်သောမီးနှင့် အရောင်ထွက်နေရမည်။ သစ်သား သည် မလုံလောက်ပါ၊ ပလ္လင်သည် မလုံလောက်ပါ၊ ပူဇော်ခြင်းသည် မလုံလောက်ပါ - ကျွန်ုပ်တို့သည် မီးကိုလိုအပ်သည်။ ဘုရား သခင်၏ မီးသည် ကျွန်ုပ်တို့အပေါ် အသစ်ဆင်းလျက် ဘုရားသခင် ကျွန်ုပ်တို့ကို တောက်လောင်စေပါ။

ကျွန်ုပ်တို့သည် ဘုရားသခင် ထားခဲ့သောနေရာတွင် ဘုရားသခင်အတွက် ခုခံအားတခုရှိရန် ကျွန်ုပ်တို့ ဝိညာဉ်တော်မီး၏ ဗတ္တိဇံ လိုအပ်သည်။ ကျွန်ုပ်တို့ အိပ်ပျော်နေသော အသင်းတော် နိုးထလိုပါက အထက်ခန်း၌ စောင့်နေသော ယုံကြည်သူအပေါ် ဝိညာဉ်မီးဆင်းသက်ရန် လိုအပ်သည်။ ထိုအရာကို သင်သည် လို၏၊ ကျွန်ုပ်သည်လည်း လိုသည်။

နိုးကြားခြင်းအရာအကြောင်း ဆောင်းပါးတခု၌ T.A. Hegre ရေးသားခံသည်၊ ''ဘုရားသခင်၏မီး၊ ဆက်လက်လောင်ပါ၊ ကျွန်ုပ်တို့သည် မီးကို လိုအပ်သည်။ ကျွန်ုပ်တို့ခေတ်၌ တည်ငြိမ်သော စိတ်လှုပ်ရှားမှုများကို နိုးကြားရန် မီးလိုသည်။ ခရစ်တော်မပါသော သင်္ချိုင်းများသို့ သွားသောသူအတွက် တစုံတခု ပြုလုပ်ပေးရန် ကျွန်ုပ်တို့ မီးအားဖြင့်သာ လုပ်နိုင်သည်။ ယနေ့ သန်းပေါင်းများစွာသော သူများ ကြားသိရခြင်း မရှိဘဲ သေနေကြသည်။ အဘယ့်ကြောင့် ဆိုသော် ခရစ်ယာန်များအဖြစ် ကျွန်ုပ်တို့၌ မီးမရှိသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ မီးကို လိုအပ်သည်။''

ကျွန်ုပ်တို့ တောမီးကို မလိုပါ။ တောမီးသည် သန့်ရှင်းတော်မူသော ခရစ်တော်၏ ဘုန်းတော်ကို မထင်ရှားစေပါ။ သန့်ရှင်းသော မီးဖြင့်သာလျှင် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကို ဗတ္တိဇံ ပေးသည်။ ခရစ်ယာန်တိုင်းတို့သည် အဆင်သင့်ရှိလျက် လိုအပ်ပါက ခရစ်တော်အတွက် မာတုရ ဖြစ်ရမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကနဦးအသင်းတော်၏ လှုံ့လဝီရိယနှင့် မီးကို လိုအပ်သည်။

ပြင်းထန်သော ဒေသနာတခု၌ John R. Rice က ကျွန်ုပ်တို့၌ မီးမရှိခြင်းကို ဝေဖန်ပြစ်တင်ခဲ့သည်။ ''အပြစ်သားများသည် မာကျောသောသူများ မဟုတ်ဘဲ တရားဟောဆရာများသာ မာကြောသောသူများ ဖြစ်သည်။ Sunday School ဆရာများ၊ နှစ်ခြင်းအသင်းတော်များ နှင့် မက်သဒစ် ဘဏ္ဍာစိုးများ၊ Presbyterian အသင်းလူကြီးများ၊ သာမာကြောသောသူများဖြစ်သည်။ ဝိညာဉ်များ အတွက် တရားဟော ဆရာတဦး မီးနှင့် တောက်လောင် စေရန်ထက် ဝိညာဉ်တလုံးကို ရယူခြင်းနှင့် အရက်သမား တဦး (သို့) မိန်းမပျက်ကို ပြောင်းလဲရန် ပို၍ လွယ်ကူကြောင်းကို ကျွန်ုပ်တွေ့ရသည်။

George Whitfield ကို ဘုရားသခင်ကြီးမားစွာ အသုံးပြုခဲ့သည်။ သူနှင့် John Wesley တို့သည် ခရစ်တော်အတွက် အင်္ဂလန်နိုင်ငံကို ပြောင်းပြန် လှန်ခဲ့သည်ဖြစ်၍ ဘုရားသခင် ကျေးဇူးတော်ကြောင့် ပြတိသျှ ကျွန်များကို ပြင်သစ်တော်လှန်ရေး လက်အောက်မှ ကယ်တင်ခဲ့သည်။ George Whitfield သည် လူငယ်အရွယ်မှ စတင်၍ သေဆုံး သည်အထိ တရားဟောခဲ့သည်။ အဆုံးထိ သူ၏ဝိညာဉ်သည် လူသားများကို ကယ်တင်ရန်အတွက် တောက်လောင်နေသော စိတ်ဓါတ်ထက်သန်ခြင်း ရှိခဲ့သည်။

ထိုအရာသည် လျှို့ဝှက်ချက် တခုဖြစ်သည်။ သူ၏ဝိညာဉ်သည် မီးတောက်လောင်နေသော ဖိုဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ လူများကို ဦးဆောင်ရန် ကြိုးစားနေသောအခါ တကယ် တောက်လောင်နေသော နှလုံးသားများ မရှိခြင်းသည် ဝမ်းနည်းဖွယ်ရာ ဖြစ်သည်။ ဧလိယသည် ကာမေလ တောင်ပေါ်သို့ မီးကျလာသည်အထိ ဆုတောင်းခဲ့သည်။ ထိုအခါ ဖောက်ပြန်သော လူများသည် ထခုန်ကြ၍

''ထာဝရာဘုရားသည် ဘုရားသခင် ဖြစ်တော်မူ၏'' ဟု ဝန်ခံကြသည်။ (၃ဓမ္မရာ ၁၈း၃၉) ရှကိနာမီးသည် သဲကန္တာရ ချုံကို တောက်လောင်စေသကဲ့သို့ ကျွန်ုပ်တို့ နှလုံးသားများလည်း ဘုရားသခင်အတွက် တောက်လောင်သော ချုံများဖြစ်သည်အထိ တောက်လောင်စေပါသလား။ (ထွက် ၃း၁-၃) ရှကိနမီးသည် သိနာတောင် ပေါ်၌ ရှိသော မောရှေ တကိုယ်လုံးကို ဘုရားသခင်၏ ဘုန်းတော် ထင်ရှားစေ၍ မိမိ၏ မျက်နှာကို ထွန်းလင်းခဲ့သည်။ (ထွက် ၃၄း၂၉-၃၀) ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏ ဘုန်းတော် ထင်ရှား၍ ကျွန်ုပ်တို့လုများ တွေ့မြင်နိုင်ရန် ဘုရားသခင် ထံတော်သို့ တိုးဝင်ချဉ်းကပ် နိုင်ပါသလား။

ထိုမီးကို ကျွန်ုပ်တို့ ရှာဖွေရယူ၍ မရပါ။ ဘုရားသခင်သာလျှင် ဗတ္တိဇံကို မီးနှင့် ပေးနိုင်သည်။ ဘုရားသခင်သာလျှင် ရှကိနမီးကို ပို့ဆောင်ပေးနိုင်သည်။ ကျွန်ုပ်တို့ လိုအပ်သောအရာကို ဘုရားသခင်သာလျှင် ဖြည့်ဆည်းပေးနိုင်သည်။

ဤမီးကို ကျွန်ုပ်တို့ မတွန်းနိုင်ပါ။ ကိုယ်တိုင်လည်း မထုတ်လုပ်နိုင်ပါ။ သို့သော် ဘုရားသခင့် ရှေ့မှောက်တော်၌ မိမိတို့ ကိုယ်ကို နှိမ့်ချလျက် ရိုးသားဖြောင့်မတ်ခြင်းနှင့် ကျွန်ုပ်တို့ လိုအပ်သောအရာကို ဝန်ခံရမည်။

ဘုရားသခင်၏ သန့်ရှင်းသောမီးသည် အဆင်သင့်၊ နာခံခြင်းရှိ၍ဆာလောင်သော နှလုံးသားများအပေါ်၌သာ ဆင်းသက်မည်။ ''သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ့်သား တို့အား ကောင်းသောအရာကို ပေးတတ်လျှင် ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့ အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို သာ၍ ပေးတော်မူမည် မဟုတ်လော့။ (လု ၁၁း၁၃)

Ablage For God
မှ ကောက်နှုတ်ခဲ့သည်။

# သမ္မာကျမ်းစာဖတ်ခြင်း

(Bible Reading)

(Bible Reading)

ကျွန်ုပ်တို့အသက်ရှင်စဉ် သမ္မာကျမ်းစာကို နှစ်တိုင်း ပို၍ပို၍ ဖတ်ရန် အဓိဌါန်ပြုကြပါစို့။ ကျွန်ုပ်တို့၏ မှတ်ဉာဏ်များ ထဲ၌ အမြစ်သွယ်စေပါ။ နှလုံးသားများထဲ၌ အက္ခရာတင်စေပါ။ ၄င်းနှင့် ကောင်းမွန်သော အထောက်အပံ့ ဖြစ်စေပါ။

ကျွန်ုပ်တို့အသက်ရှင်စဉ် သမ္မာကျမ်းစာကို နှစ်စဉ် ဖတ်ခြင်းအပေါ် ပို၍စောင့်ကြည့်ရန် ကျွန်ုပ်တို့ အဓိဌါန်ဖြစ်စေပါ။ ကျွန်ုပ်တို့ ကျမ်းစာဖတ်ခြင်းအတွက် ပေးနိုင်သော အချိန်ကို သတိပြုစေပါ။ နေလောက်သော အကြောင်းမရှိဘဲ နေ့စဉ်ဖတ်ခြင်း မရှိပါက ကျွန်ုပ်တို့ကို သတိပြုစေပါ။ ကျွန်ုပ်တို့ဘုရားသခင်၏ စာအုပ်ကို ဖတ်သောအခါ ပါးစပ်ဟခြင်း၊ သန်းနေခြင်းနှင့် ငိုက်မြည်းခြင်း မဖြစ်စေပါနှင့်။ ကျွန်ုပ်တို့ ဖတ်သောအခါ ဇနီးတဦးသည် နိုင်ငံအကမှလာသော ခင်ပွန်း၏စာကို ဖတ်သကဲ့သို့ ဖြစ်စေပါ။ ကျွန်ုပ်တို့၏ မိသားစုများ၌ ကျမ်းစာကို ပို၍လေးစားရန်အတွက် ကျွန်ုပ်တို့ အဓိဌာန် ဖြစ်စေပါ။ ကျွန်ုပ်တို့၏ မိသားစုများ နှင့်အတူ သူများ တွေ့မည်ကို မရှက်ဘဲ မနက်ညတိုင်း ဖတ်စေပါ။

ကျမ်းစာအပေါ် ကျွန်ုပ်တို့ ပို၍ ဆင်ခြင်တွေးတောရန် ကျွန်ုပ်တို့၏အဓိဌါန် ဖြစ်စေပါ။ ကျွန်ုပ်တို့အပြင်လောကသို့ သွားသောအခါ မူရင်းစာနစ်ခု (သို့) သုံးခုကို ယူသွား၍ ကျွန်ုပ်တို့ အားလပ်သောအချိန်တိုင်းတွင် စိတ်ထဲ၌ ပြန်လည်၍ ထပ်ခါတလဲလဲ မှတ်ထားပါ။ ၄င်းသည် အချည်းနည်းသော အတွေးများကို ဖယ်ရှားပေးသည်။ ၄င်းသည် အနယ်ထိုင်၍ တိုးပွါးနေသော မကောင်းသော အရာများမှ ကျွန်ုပ်တို့၏ ဝိညာဉ်များကို ကာကွယ်ထိန်းသိမ်းပေးသည်။ ၄င်းသည် ကျွန်ုပ်တို့၏ မှတ်ဉာဏ်များကို လျှင်မြန်စေပြီး သန့်ရှင်းစေသည်။

ကျွန်ုပ်တို့သည် ယုံကြည်သူများအား တွေ့ဆုံသောအခါ ကျမ်းစာအကြောင်း ပို၍ ပြောရန် ကျွန်ုပ်တို့ အဓိဌါန် ဖြစ်စေပါ။ ခရစ်ယာန်များ အချင်းချင်း တွေ့ဆုံသော အခါ အကျိုးမရှိသောအကြောင်းအရာများ ပြောနေခြင်းကို ဝမ်းနည်းစွာ တွေ့ရသည်။ ကျွန်ုပ်တို့သည် ကျမ်းစာအကြောင်းအရာများကို ပို၍ ထုတ်ဖော် ပြောဆိုခြင်း ဖြစ်စေ၍ စာတန်မာရ်နတ်ကို ထွက်သွားစေမည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံး ဤဆိုရွားသော ကမ္ဘာကြီး၌ အတူတကွ လျှောက်ကြရန် ကြိုးစားကြပါစို့။ သို့မှသာ သခင်ယေရှု ကျွန်ုပ်တို့အနီး မကြာခဏ ချဉ်းကပ်မည်ဖြစ်၍ ကိုယ်တော်၏ တပည့်တော် နှစ်ယောက်နှင့်အတူ ဧမောက်သို့ ခရီးသွားသကဲ့သို ဖြစ်မည်။

အဆုံး၌ ကျွန်ုပ်တို့ အသက်ရှင်စဉ် ကျမ်းစာနှင့် ပို၍ နှစ်စဉ်အသက်ရှင်ရန် အဓိဌါန် ပြုကြပါစို့။ ကျွန်ုပ်တို့၏ အယူအဆနှင့် လက်တွေ့လုပ်ဆောင်ခြင်း များအားလုံး ကျွန်ုပ်တို့၏ အကျင့်များ၊ ဒေါသများ အားလုံး၊ လူထုအရှေ့၌၊ သီးသန့်နေရာ၌ ကျွန်ုပ်တို့၏ အပြုမူများ အားလုံးကို မကြခဏ ရှင်းလင်းဖော်ပြစေပါ။ အရာအားလုံးကို ကျွန်ုပ်တို့သည် သမ္မာကျမ်းစာအားဖြင့် တိုင်းတာရန် ကျွန်ုပ်တို့၏ အဓိဌါန် ဖြစ်စေပါ။ ဘုရားသခင်၏အကူအညီအားဖြင့် ၄င်းနှင့်ကိုက်ညီစေပါ။

''လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့ သန့်ရှင်းစေနိုင်ပါမည်နည်း ဟူမူကား နှုတ်ကပတ်တော် အတိုင်း သတိပြုရမည်။'' (ဆာလံ ၁၁၉း၉)

## Robert Murray & Cheyne အသက်တာနှင့် အမှုတော်ဆောင်ခြင်းကို

ဧဝံဂေလိ မည်ကဲ့သို့ ပုံဖေါ်ခဲ့သနည်း။

(How the Gospel Shapes the Life and Ministry of Robert Murray & Cheyne)

By Paul W. Martin

Robert Murray & Eheyne သည် မေ ၂၁ ရက် ၁၈၁၃ ခုနှစ်၌ Edinburgh (Scotland) မြို့တွင် မွေးဖွားခဲ့သည်။ သူသည် လူငယ်ဖြစ်သည့်အလျောက် အကနှင့် ပါတီပွဲများ၊ လူငယ်မိန်းကလေးများ၏ အသိုင်းအဝိုင်းနှင့် ပျော်ရွှင်နေတတ်သည်။ သူသည် ဉာဏ်ကောင်းသော ကျောင်းသားတစ်ဦး၊ ကောင်းသော ပန်းချီဆရာနှင့်၊အားကစား တယောက်ဖြစ်သည်။ ချစ်စရာကောင်းသော တိုင်းရင်းသားတဦးအနေနှင့် သူကြိုးစားသော အရာတိုင်း၌ အောင်မြင်နိုင်သည်။

Robert အသက် ၁၈နှစ်အရွယ်၌ ဘုရားသခင်၏ အမှုတော်ကို စတင်ဆောင်ရွက်ခဲ့သည်။ David သည် Robert ၏ သစ္စာရှိသော ဧဝံဂေလိ ဆရာတဦးဖြစ်သည်။ သူ၏ညီ၏ လောကီတပ်မက်မောမှုအတွက် ဆုတောင်းပေးနေခြင်း၊ ဧဝံဂေလိတရား၏ ကျေးဇူးတော် အကြောင်း သက်သေခံပေးခြင်းနှင့် သူ့ထက်စော၍ ပြောင်းလဲခဲ့သည့် အသက်တာကို ရခဲ့သည်။ Robert သည် David ကို ချစ်သော်လည်း အပြစ်အတွက် နောင်တရ၍ ခရစ်တော်ကို ယုံကြည်ရန် သတိပေး၍ တောင်းပန်ပေးသော အရာများကို David ပြောသော်လည်း သူဂရုမစိုက်ခဲ့ပါ။ David သေဆုံးခဲ့သောအခါ သူ၏မာနေသော နှလုံးသား ကြေကွဲ ခဲ့သည်။ သူ၏အသက်တာ စတင်ပြောင်းလဲသည်နှင့်အမျှ ဧဝံဂေလိ ပို၍ သာ၍ မြင်သာအောင် လုပ်ဆောင်ခဲ့သည်။

၁၈၃၁ ခုနှစ်၌ Cheyne သည် Edinburg တက္ကသိုလ်ကို သက်ခဲ့သည်။ ထိုအချိန်တွင်ဓမ္မသာချယ့်ရှာနည်း က အမှုတော်ဆောင်သော ဝါရင့်သူတဦးအဖြစ် "M' Cheyne အပေါ် ကြီးမားသော လွှမ်းမိုးခြင်းကို လေ့ကျင့်စေခဲ့သည်။'' Chalmens ၏ ဆွဲဆောင်ခြင်းမှာ ရိုးသားသော ယုံကြည်ခြင်းကို ဒြယ့်နပညန အား သွန်သင်ပေးခြင်း၊ ခရစ်တော်၏ ဂတိတော်များအပေါ် တည်နေခြင်း ဖြစ်သည်။ ဤအရာ သည် ဒြယ့်နပညန ၏သာသနာပြုခြင်းကို အသီးသီးစေသည်။ အပြစ်နှင့်ကယ်တင်ခြင်းကို နားလည်ခဲ့သောသူများကို သင်ကြားခြင်းဖြင့် အသီးများကို ရရှိခဲ့သည်။ ''သင်၏ နှလုံးသား၌

လိမ်လည်လှည့်ဖြားခြင်းနှင့် ယုတ်မာခြင်းများစွာတို့ကို ဖော်ပြခြင်းသည် ကောင်းသော်လည်း ထိုအရာများကို သခင်ယေရှုထံသို့ ပို့ဆောင်ပေးမှသာ သင့်ကို ခွင့်လွှတ် အောင်မြင်ခြင်းကို ပေးမည်။'' ''သင်၏နှလုံးနှင့် ခံစားချက် များကို ကြာရှည်စွာ မကြည့်ဘဲ ခရစ်တော်ကိုသာ ကြည့်ပါ၊ အသက်ရှင်ပါ၊ သင့်ကိုသင် တခါ ကြည့်ခြင်းထက် ခရစ်တော်ကို ဆယ်ခါ ကြည့်ပါ။''

M' Cheyne သည် မိမိကိုယ်တိုင် အတွေ့အကြုံမှ ဟောကြားနေသည်။ ထိုငယ်စဉ်အချိန် အချို့နေရာ၌ ယေရှုအကြောင်းကို သိခြင်းမှ ကိုယ်တော်ကိုယ်တိုင်အား သိလာသည်။

သူသည် လေးနှစ်သင်တန်းကို အောင်မြင်စွာ ပြီးဆုံးခဲ့ပြီးနောက် ၁၈၃၅ခုနှစ်တွင် တရားရန် လိုင်စင်ရခဲ့သည်။ တဆယ်လကျော်သွားပြီးနောက် St. Petus', Dundee တွင် ပထမဦးစွာ တာဝန်ယူခဲ့သည်။ သူ၏ သစ္စာရှိသော လုပ်သက်ရှစ်နှစ်တွင် ၁၁၀၀ ထိုင်ခုံ ရှိသော အဆောက်အဦး၌ စစ်မှန်စွာ ပြောင်းလဲ ခဲ့သော ဝိညာဉ်များနှင့် ပြည့်လျက်ရှိသည်။

M' Cheyne သည် သူ၏သိုးများနှင့် အသင်းတော်အတွက် မမောမပန်းဘဲ အင်အားနှင့် လုပ်ခဲ့သည်။ တအိမ်ဝင် တအိမ်ထွက် ယေရှု၏ ဧဝံဂေလိကို နေ့စဉ်ဟောကြားနေသည်။ ထိုကဲ့သို့ဝိညာဉ်များအတွက် ပင်ပန်းစွာ လုပ်ဆောင်ခဲ့ခြင်းကြောင့် တဖြည်းဖြည်းနှင့် အားနည်းသော တရားဟောဆရာ ဖြစ်လာသည်။ ပလ္လင်ပေါ်လည်း အချိန်ကြာမြင့်စွာ မတက်နိုင်ခဲ့ပါ။

M' Cheyne သည် နှလုံးရောဂါကို ခံစားရခြင်းအားဖြင့် ဆရာဝန်က အနားယူရန်နှင့် Dundee မြို့မှထွက်၍ အခြားနေရာတွင် အေးဆေးငြိမ်သက်စွာနေရန် အမိန့်ပေးခဲ့သည်။ ဘုရားသခင် ကျေးဇူးတော်ကြောင့် သူ၏မိသားစုအိမ် Edinburgh သို့ ရောက်ရှိခဲ့သည်။ ထိုအချိန်၌ သူ၏မိတ်ဆွေတဦးထံသို့ စာကို ဤကဲ့သို့ ရေးခဲ့သည်။

''သူမရှိသည့်အချိန်တွင် သူ၏လူများထံသို့ ကြီးမားသော ကောင်းကြီးမင်္ဂလာ ကျရောက်မည်ကို ငါထင်တယ်၊ ကျွန်ုပ်တို့သည် လုပ်ဆောင်မှုများ ကြားထဲမှ များသောအားဖြင့် ဘုရားသခင် ကောင်းကြီး မပေးပေ။ သို့ဖြစ်လျှင် "ကျွန်ုပ်၏လက်နှင့် ကျွန်ုပ်တို့ စကားပြောခြင်းကြောင့် ဖြစ်သည်'' ဟု ကျွန်ုပ်တို့ ပြောမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို တိတ်ဆိတ်စွာ နေစေပြီးနောက် လက်ခံရန်အခန်း မရှိအောင် ကောင်းကြီးများ ''သွန်းလောင်းပေးနေမည်'' ဟု အားလုံးက အော်ပြောမည်။

သူ၏စကားများသည် ပရောဖတ်ပြုကြောင်း သက်သေခံခဲ့သည်။ Edinburgh ၌ရှိစဉ် သူ့ထံသို့ အသင်းတော်ခေါင်းဆောင်များ ချဉ်းကပ်ခဲ့သည်။ သူတို့က ဣသရေလ နိုင်ငံ၌နေသော သူများ၏ ဝိညာဉ်ရေး အခြေအနေကို စုံစမ်းရန်၊ အဖွဲ့တခုနှင့် ပူးပေါင်းရန် ပြောခဲ့သည်။ မကြာခင်အတွင်းမှာ ဆေးဝါးနှင့် သက်ဆိုင်သော အကြံပေးသူများနှင့် St. Peter ၏အသင်းတော်များ၏ ကောင်းကြီးများနှင့်အတူ လူငယ်သင်းအုပ် Cheyne သည် Andrew Boner နှင့် အခြားသူများအပါဝင် Promised Land ဂတိတော် တိုင်းပြည်သို့ ခရီးထွက်ခဲ့သည်။ ထို့နောက်နိုဝင်ဘာလ ၁၈၃၉ခုနှစ်၌ Dundee သို့ ကျန်းမာစွာ ပြန်လည် ရောက်ရှိခဲ့သည်။ သူမရှိသော အချိန်တွင် ဘုရားသခင် သူ၏အသင်းတော်သို့ ကြွရောက်ခဲ့သည်။ သူ၏အသင်းတော်အပေါ်သို့ ဘုရားသခင် ကောင်းမြတ်ကြောင်း M' Cheyne ဝမ်းမြောက်ခဲ့သည်။

ထို့ကြောင့် ကြီးမားသော ကျေးဇူးတင်ခြင်းနှင့် အမှုတော်ကို သာ၍ ဆောင်ရွက်ခဲ့ပြီး နိုးထမှု၏ အစီအစဉ်ကို ဆောင်ရွက်ရန် ရှာဖွေခဲ့သည်။ အချို့ ရာသီများတွင် သူ၏နှလုံးသာ ခုန်နှုန်းမြန် လာသောကြောင့် အချို့တာဝန်များကို လျှော့၍ ဆက်ကပ်ခြင်းများကို သတိပြုလျက် ဆက်လက် တရားဟောခြင်း၊ ဆုတောင်းခြင်းများကို ပြုလုပ် နိုင်ခဲ့သည်။ လူများကိုလည်း နောက်ထပ်လေးနှစ်အတွင်း ခရစ်တော်ထံသို့ လာရန် ခေါ်နေသည်။ ဤကဲ့သို့သူသည် လူများကို အစေခံနေသော အချိန်တွင် သူသည် အူရောင်ပန်းဖျားရောဂါကို ရခဲ့သည်။ ထိုအရာသည် သူ၏ဘဝကို နောက်ဘဝအသက်တာသို့ ပြောင်းလဲ ပေးမည်ဖြစ်သည့် သူ့အသက် ၂၉ နှစ်အရွယ်တွင် ဖြစ်သည်။

ဤအသက် တိုတောင်းသော လူငယ်ထံမှ ကျွန်ုပ်တို့ ဘာကို သင်ယူနိုင်သနည်း။ သူ၏စကားများနှင့် အပြုမူများက ကျွန်ုပ်တို့ အသက်တာများနှင့် အမှုတော် ဆောင်ခြင်းများ ဆက်သွယ်နေခြင်းတို့အပေါ် ကျွန်ုပ်တို့ အတွက် ဘာကိုသွန်သင်၍ စံနမူနာ ဖြစ်စေသနည်း။

## ဧဝံဂေလိတရားကို သင့်လျော်စွာ လိုက်နာကျင့်သုံးခြင်းသည် ကျွန်ုပ်တို့အပြစ်နှင့် ဆက်ဆံသော တခုတည်းသော နည်းလမ်းဖြစ်သည်။

(The Gospel, properly applied, is the only way to deal with our sin)

M' Cheyne ကွယ်လွန်ပြီးနောက် သူ၏အချစ်ဆုံး သူငယ်ချင်း Andrew Bonar က "Hemoir and Remains" အတ္ထုပတ္တိ စာအုပ်ကို ပထမဦးစွာ ပုံနှိပ်ဖြန့်ချီ ခဲ့သည်။ ထိုစာအုပ်ထဲတွင် ဒြပ်ယ့်နပည်န ၏ ကိုယ်ပိုင်လုပ်ဆောင်မှု "Reformation" ပါဝင်ခဲ့သည်။ ၎င်းသည် ဝိညာဉ်ရေးရာ ကြီးထွားမှုကို လှုံ့ဆော်ရန် ကိုယ်တိုင်ညွှန်ကြားချက်တို့ အတွဲလိုက် အသုံးသွင်းထားခဲ့သည်။ ဤထုတ်ဖော် ပြောကြားခြင်းသည် သူ၏ကိုယ်ပိုင် နက်နဲစွာ နားလည်သော စိတ်နှင့်အတူ အရာတိုင်း၌ ယေရှုနှင့်အတူ အစေခံရန် အားကြီးသော ဆန္ဒကို ထင်ဟပ်ပေါ်လွင် စေခဲ့သည်။

သူ့အသက်တာ၌ အဘယ်ကြောင့်နှင့် မည်ကဲ့သို့ အပြစ်နှင့်ဆက်ဆံရန် အကြောင်းများ ပါဝင်သနည်း။

''ကျွန်ုပ်အပြစ် ပြုခဲ့သည်ဟု ခံစားရသောအခါ ခရစ်တော်ထံသို့ ချက်ချင်းသွားရန် တုံ့ဆိုင်းနေခဲ့သည်။ ကျွန်ုပ်သွားရန် ရှက်ခဲ့သည်။ ကျွန်ုပ်အတွက် ကောင်းဒါမဖြစ်ဘူးဟု ခံစားရသည်။ ခရစ်တော်ကို အပြစ်၏ အမှုတော်ဆောင်တဦး ဖြစ်စေသည့် နွားစားခွက်ထဲမှ အကောင်းဆုံးဝတ်စုံထံသို့ တည့်မတ်စွာ သွားနေသကဲ့သို့ အခြားဆင်ခြေများစွာ ပေးနေခြင်းကဲ့သို့ ဖြစ်သည်။ သို့သော် ထိုအရာများသည် ငရဲမှတိုက်ရိုက်လာသော လိမ်ညာခြင်းများဖြစ်သည်။ ဤအရာကို ယောဟန်က ဆန့်ကျင်ဘက်နည်းနှင့် ငြင်းခဲ့သည်။ ''တစုံတယောက်သော သူသည် ဒုစရိုက်ကို ပြုမိလျှင်၊ ဖြောင့်မတ်တော်မူသော အရှင် ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင် သခင်သည် ခမည်းတော်ထံ၌ ရှိတော်မူ၏။'' (၁ယော ၂း၁) နက်နဲသောအပြစ်မှ ငြိမ်သက်ခြင်းသော်၎င်း၊ လုံခြုံခြင်းသော်၎င်း မရှိပါ။ သခင်ယေရှု ခရစ်တော်ထံသို့ တိုက်ရိုက်သွားခြင်းသာ ရှိနိုင်သည်။ ဤအရာသည် ဘုရားသခင်၏ ငြိမ်သက်ခြင်းနှင့် သန့်ရှင်းခြင်း၏ နည်းလမ်းဖြစ်သည်။

ဧဝံဂေလိနှင့် အပြစ်ကို ဆက်သွယ်ရန် ဤလူငယ် သင်းအုပ်ထံမှ သင်ယူပါ။ ကျေးဇူးတော်နှင့် ခွင့်လွှတ်ခြင်း အတွက် လက်ဝါးကပ်တိုင်တော်သို့ အစဉ်အမြဲ ပြန်သွားခြင်းဖြင့် မဟုတ်ပါက ဝိညာဉ်ရေး နှင့်ဆိုင်သော အသက်တာတိုးတက်ရန် မည်သည့်နည်းလမ်းမှ မရှိပါ။

## ဧဝံဂေလိတရားကို သင့်လျော်စွာ လိုက်နာကျင့်သုံးခြင်းသည် မာနအတွက် ပျက်ဆီးနေသော ဘော်လုံးဖြစ်သည်

(The Gospel properly applied is a wrecking ball to pride)

ဧဝံဂေလိ M' Cheyne ကို ပုံဖော်ခဲ့သော ဆွဲဆောင်မှု လမ်းများစွာထဲမှ တခုသောလမ်းသည် နက်နဲသော နှိမ့်ချခြင်းကို ဖွံ့ဖြိုးတိုးတက်စေသော လမ်းဖြစ်သည်။ လူအုပ်များစွာနှင့် နာမည်ကျော်ကြားခြင်းအတွက် မဟုတ်သော်လည်း M' Cheyne သည်များစွာသော လူတို့၏ ရှိသေလေးစားခြင်းကို ခံခဲ့ရသည်။

အမှုတော်ဆောင်တဦး ဒေါသထွက်သောနေ့တွင် ညံ့ဖျင်းသော ကယ်တင်ရှင်တဦး ဖြစ်မည်။ အမှုတော်ဆောင် တဦးကို သိသော၊ ချစ်သော (သို့) နားထောင်သောသူက ကယ်တင်မည့်သူ တဦးမဟုတ်ပါ။ အမှန်တကယ်တော့ M' Cheyne သည် များစွာသော အဖြစ်အပျက်များ ရှိခဲ့သည်။ ဘုရားသခင်ထက် သူ့ကို ပို၍ ယုံကြည်စိတ်ချသောသူများအား သူကဆုပူ ကြိမ်းမောင်းခဲ့သည်။ ဘုရားသခင် နေ့ရက်၍ လူများအား ဆန့်ကျင်လျက် လျှင်မြန်သော သက်သေဖြစ်ရန် ကျွန်ုပ်ကို ကြည့်ခြင်းဖြစ်သည်။

M' Cheyne ဂရုပြုသော ခရစ်တော်ပြုပေးသော အရာအားလုံးအတွက် ထောက်ထား စာနာခြင်းများက ခရစ်တော်သည် စစ်မှန်သော တန်ဘိုးရှိသူ တပါးဖြစ်ကြောင်း သိသာထင်ရှား လျက် ရှိသည်။

''သူသည် ကောင်းမွန်စွာ သတိပြုမိသည်မှာ သိုးခုကသိုးထိန်းကို မည်မျှ ချစ်ခင် နှစ်သက်ကြောင်းနှင့် သိုးထိန်းသည် ဤလူတို့၏ အပြစ်ရှိသောဘက်သို့ လိုက်ခြင်းနှင့် ကျေနပ်မှုကို ဖြစ်စေ၏။ သူ၏ အောင်မြင်ခြင်းကြောင့် မြောက်ပင့်ခြင်း ခံရသည်။'' ထို့ကြောင့်သူသည် တတ်နိုင်သ၍ မာနကို သတ်ရမည်။ သူသည် လက်ဝါးကပ်တိုင်ကို ကြည့်ခဲ့သည်။ ဤအရာကို သူ၏အသင်းတော်၌ သူ Holy Land ရှိစဉ် အလွန်မှုန်ကန်သော နိုးထမှု

ဖြစ်ပေါ်ခဲ့သည်။ သူသည် ဆုတောင်းခြင်း၌ ပို၍ကြိုးစား အားထုတ်ခဲ့၍ တရားဟောခဲ့ခြင်းအတွက် ဖြစ်ခဲ့သော အဖြစ်အပျက်တခု ဖြစ်သည်။ သူနိုင်ငံခြား၌ နေမကောင်းဖြစ်စဉ် အချိန်တွင်ဖြစ်သည်။ သူ Dundee သို့ ပြန်လည်ရောက်ရှိသောအခါ ကြီးမားသော ရိုက်သိမ်းခြင်း များစွာ တွေ့ရသည်။ ဤအရာအားလုံးက ပို၍ အသက်ငယ်သော အတွေ့အကြုံနည်းသောW.C. Burus ၏တရားဟောသောအမှုတော်ဆောင်ခြင်းကြောင့် ဖြစ်ခဲ့သည်။ သို့သော် သူ၏လူထုသို့ ပြောသောစကားများ (သို့) သီးသန့် ရေးသောစာများအပေါ် မုန်းတီးခြင်း၏ အရိပ်ရောင်တခုမှ မတွေ့ရပါ။ Boner က မှတ်ချက်ချထားပါသည်။ ''သူသည် မျက်ရည်များနှင့် အခက်အခဲများ ကိုယ်တိုင်လုပ်ဆောင်ခဲ့သော နေရာ၌ အခြား သူယောက် ထိုနေရာတွင် ရတ်ပြုခြင်းများ ရှိခဲ့ခြင်း အတွက် သူမနာလို ဝန်တို မဖြစ်ခဲ့ပါ။ စစ်မှန်သော သဘောထားကြီးသော ခရစ်ယာန် တို့၌ ဘုရားသခင်၏ အမှုတော် ပြီးဆုံးခဲ့သည့် အတွက်သူ ဝမ်းမြောက်ခဲ့သည်။ မည်သည့် လက်အားဖြင့်မဆို သူသည် ချီးမွမ်းခြင်းနှင့် အံ့သြခြင်းဖြင့် ပြည့်ခဲ့သည်။

သင်သည်လည်း မည်ကဲ့သို့ ဖြစ်မည်နည်း။ သင့်အသက်တာ၌ရှိသော မာန်မာနကို ဧဝံဂေလိတရားက နုတ်ယူသွားပြီလား။

## ဧဝံဂေလိတရားကကို သင့်လျော်စွာ လိုက်နာကျင့်သုံးခြင်းသည် အိပ်ခြင်းထက်

ဘုရားသခင် ပို၍အရေးကြီးခြင်းကို ပြုလုပ်မည်။

The Gospel, properly applied, will make God more important than sleep

အရာခပ်သိမ်းကို စိတ်အားထက်သန်စွာနှင့် လုပ်ပါ။ ၎င်းကို လုပ်ရန်ထိုက်တန်ပါက ခွန်အားရှိသ၍ လုပ်ပါ။ အရာအားလုံးအပေါ် ဘုရားသခင် ရှေ့တော်မှောက်၌ ထားပါ။ ကျွန်ုပ်တို့၏ အသက်အလုံးစုံဖြစ်သော ကိုယ်တော်၏မျက်မှောက်တော်ကို သင်မတွေ့မြင်မချင်း လူ၏မျက်နှာကို ဘယ်တော့မှ မကြည့်နှင့်။

ဘုရားအသုံးပြုခဲ့သော ကြီးမားသော လူများသည် မိမိတို့ကိုယ်တိုင် ဆက်ကပ်ခြင်းနှင့် ဆုတောင်းသော သူများဖြစ်သည်။ M' Cheyne အတွက် ဧဝံဂေလိတရားသည် အလွန်စစ်မှန်၍ သူ၏ နေ့စဉ်အသက်တာအတွက် ဗဟိုပြုခြင်း အားဖြင့် နေ့ရက်အစဉ်အတိုင်း ယေရှုနှင့် ဆက်နွယ်မှုတခုကို လိုက်လျှောက်ခြင်းသည် ဘုရားသခင်ထံမှ လာသော ဆုကျေးဇူးတခု ဖြစ်သည်။

သူ၌ ကိုယ်ပိုင်အစွမ်းအစ မရှိခြင်းကို လုံးဝယုံကြည်လျက် သူ၏ကျေးဇူးတော် အရှင်သခင် မပါဘဲ ရှေ့သို့မသွားဝံ့ပါ။ "ကျွန်ုပ်မည်သည့် တာဝန်မှ မယူမီ ကျွန်ုပ် ပထမဦးဆုံး ဘုရားသခင်၏ မျက်နှာတော်ကို ကြည့်ရမည်။" ရိုက်ထားသော ကျောက်ထဲမှ အသက်ရေကို ကျွန်ုပ်တို့ သောက်နေရမည်။ မဟုတ်ပါက ၎င်း၌ ပြန်လည်လန်းဆန်းသော တန်ခိုးတော်အကြောင်း ကျွန်ုပ်တို့ မပြောနိုင်ပါ။

ယောဟန် ၁၅း၅ နောက်ကွယ်ရှိ သမ္မာတရားများက သူ၏အသက်တာကို အစပြုခဲ့သည်။ (ယော ၁၅း၅) "ငါသည် စပျစ်နွယ်ပင် ဖြစ်၏။ သင်တို့သည် အခက်များ ဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသောအသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။"

M' Cheyne က သင်ယူခဲ့သည်။ "ကြီးမားသော ဆုကျေးဇူးများကို ဘုရားသခင် ကောင်းကြီး ပေးခြင်းထက် ယေရှုနှင့် ကြီးမားသော တူညီမှုကို ပို၍ ကောင်းကြီးပေးသည်။ သန့်ရှင်းသော အမှုတော် ဆောင်တဦးသည် ဘုရားသင်၏ လက်တော်၌ အလွန် ကြီးမားသော လက်နက်တခုဖြစ်သည်။

ဤအချိန်ကာလတွင် စဉ်စားတွေးခေါ်သော အစီအစဉ်ပေါ်၌ ယုံကြည်ရန် သွေးဆောင်ခြင်း ခံခဲ့ကြသည်။ ''ကောင်းသော ပြုပြင်ခြင်းတခု'' သည် M' Cheyne ၏ဥပမာ ဖြစ်သည်။ ကျွန်ုပ်တို့ လိုအပ်သောအရာမှာ ဘုရားသခင်ဖြစ်၍ ကျွန်ုပ်တို့ တွေးတောခြင်း အလယ်၌ ဧဝံဂေလိတရားကို ထားရှိခြင်းသည် ဤအရာအတွက် အခြေခံအကြောင်း တခုဖြစ်သည်။ ဧဝံဂေလိတရားသည် နေ့စဉ်ပြန်လည် လန်းဆန်းစေသော လမ်းစဉ်အပေါ် ကျွန်ုပ်နှင့် ထိုက်တန်၍ ကျွန်ုပ်အားပေးခဲ့သောအရာဖြစ်သည်။ ၎င်းသည် မိမိကိုယ်ကို အားကိုးသောအချက်များ အားလုံးအပေါ် ဆန့်ကျင်သော မုန်မှန်ဆန္ဒ ပြခြင်း ဖြစ်သည်။ ဘုရားသခင်၏ မျက်နှာတော်ကို ရှာရန် တွန်းအားပေးခြင်း တခုဖြစ်သည်။ "သို့သော် ယေဘုယျအားဖြင့် မည်သည့်အရာကိုမျှ မပြုလုပ်မီ ဘုရားသခင်နှင့် တဦးတည်း အနည်းဆုံး တစ်နာရီ အချိန်ယူရန် အကောင်းဆုံးဖြစ်သည်။

## ဧဝံဂေလိတရားကို သင့်လျော်စွာ လိုက်နာကျင့်သုံးခြင်းသည် သင့်ကိုဆုတောင်းရန် ပြုလုပ်ပေးသည်

(The Gospel properly applied, will make you pray)

"လျို့ဝှက်သောဆုတောင်းခြင်း၌အသက်မရှင်သော သူသည် ဘုရားသခင်၏ သားသမီး မဖြစ်နိုင်ပါ။ အတူတကွဆုတောင်းခြင်း မရှိပါက မည်သည့်ခရစ်ယာန် အဖွဲ့အစည်းများမှ သွက်လက်စွာ လှုပ်ရှားသွားလာသော အခြေအနေမရှိနိုင်ပါ။"

M' Cheyne နှင့်အခြားသင်းအုပ်များ၏ သေးငယ်သော M' Cheyne အဖွဲ့အစည်းတခုတို့သည် စနေနေ့ညတိုင်း အချင်းချင်းအတွက် ဆုတောင်းရန် သဘောတူညီမှုတခု ပြုလုပ်ခဲ့သည်။ ၎င်းနှင့်အတူ အခြားနေရာများ၌ ဘုရားသခင်၏ အမှုတော် ဆောင်ရွက်ရန်အတွက် ဆုတောင်းခြင်း အပါအဝင် ဖြစ်သည်။ M' Cheyne သည် Dundee ၌ရှိသော မိမိသိုးစုအတွက် သစ္စာရှိသော ကိုယ်စားပြုပေးသူ တဦးဖြစ်သည်။ တရားဟောဆရာနှင့် သင်းအုပ်ဆရာတဦးအဖြစ် အများဆုံး အလုပ်များနေချိန်တွင် ဤဆုတောင်းခြင်း များကို ဂရုပြုခဲ့ပါသလားဟု Bonar က မေးခဲ့သည်။ သူက ''ကျနော်သာ ဆုမတောင်းပါက ကျွန်တော်၏လူတွေ ဘာလုပ်ကြမှာလဲ" ဟု ဖြေခဲ့သည်။

ကျွန်ုပ်တို့သည် အခြားသောတာဝန်များ တိုးပွားလာသည်နှင့်အမျှ ကျွန်ုပ်တို့၏ သီးသန့်ဆုတောင်းခြင်းနှင့် ကျမ်းစာဖတ်ခြင်းတို့ လျော့နည်းသွားသည်ကို တွေ့ရသည်။ သို့သော် M' Cheyne က ဘုရားသခင်၏ လက်နက်၌ ဦးစွာ မရပ်တည်ဘဲ စစ်ထွက်တိုက်ရန် ဆန္ဒမရှိသော အသက်တာ၌ နေခဲ့သည်။

ဧဝံဂေလိလူများသည် ဆုတောင်းနေသော လူများဖြစ်သည်။ ထို့ကြောင့်သူတို့သည် ကိုညွှန်ကြားမှုအတိုင်း သူတပါးကို ညွှန်ပြရန် လျှင်မြန်သော သူများ ဖြစ်သည်။ ထို့ကြောင့်သူသည် တရားဟော၍ အကြံဉာဏ်ပေးတတ်သည်။ ''ဆုတောင်းရန်အတွက် သင်ယူရန် ဆုတောင်းပါ။ နုတ်ခမ်းမှသာလျှင် ထွက်၍ အိုဟောင်းနေသော ပုံစံများနှင့် ကျေနပ်ခြင်းမရှိနှင့်။ ခရစ်ယာန် အများတို့သည် သာမန်ဆုတောင်းခြင်းများကို စွန့်လျက် "အဗ္ဗ" ဟဟူ၍ အော်ခေါ်ခြင်းကို သင်ယူရန် လိုအပ်သည်။

## ဧဝံဂေလိတရားကို သင့်လျော်စွာ လိုက်နာကျင့်သုံးခြင်းသည် သင်အား ဧဝံဂေလိဆရာတဦး၏ အမှုတော်ဆောင် ဖြစ်စေမည်။

The Gospel properly applied, will cause you to do the work of an evangelist

M' Cheyne အကြောင်း Bonar ရေးသားခဲ့သည်။ "ကျွန်ုပ်တို့၏ ဦးတည်ချက်သည် တာဝန်ကို ပြီးအောင် လုပ်ရန်မဟုတ်ဘဲ များစွာသောဝိညာဉ်များကို ကယ်တင်ရန် ဖြစ်သည်။ များစွာသောအားဖြင့် တအိမ်ပြီး တအိမ် အချိန်များစွာ လှည့်လည်ခဲ့ပြီးနောက် သူ၏နေအိမ်အခန်းသို့ ပြန်လာ၍ ညနေပိုင်းတွင် စုဝေးခဲ့သော မိသားစုတို့အား တရားဟောခဲ့သည်။ စက်တင်ဘာ ၂၆၊ ၁၈၃၈- ကောင်းမွန်သော လည်ပတ်နေသောနေ့ ဖြစ်သည်။ အဘယ်နေရာကိုမှ မသွားသော အိမ်ထောင် မိသားစု တဆယ့်နှစ်ခုဖြစ်သည်။ အပြင်သို့ မထွက်ခင် နှုတ်ကပတ်တော် ဆင်ခြင်ခြင်းနှင့် ဆုတောင်းခြင်း အားဖြင့် ပြင်ဆင်ခဲ့သည်။ ထိုအရာသည် သင့်ကို ပို၍ ပြည်ဝ၍ သစ္စာရှိသော သက်သေဖြစ်စေသည်။ A.E ၏အိမ်၌ ယောဘအကြောင်းကို ဟောခဲ့သည်။ "ငါ့ကို ရွေးနုတ်သော သခင်သည် အသက်ရှင်၏။" (ယောဘ ၁၉း၂၅)

M' Cheyne သည် မယုံကြည်သောသူတဦး၏ နှလုံးသားထဲသို့ဝင်ရန် ထိုကျွမ်းကျင်မှု ရှိသည်။ ''သူသည် နိုးထခဲ့သော်လည်း ပြောင်းလည်းခြင်း မရှိသေးသော" သူတယောက်ထံသို့ သက်သေခံခြင်းကို ရေးသားခဲ့သည်။ သူကပြောခဲ့သည်။ ''သင်သည် ဤကမ္ဘာမြေကို အလွန်ချစ်ခဲ့တဲ့အထိ ကမ္ဘာမြေက သင့်အတွက် ဘာလုပ်ပေးခဲ့သလဲ။ ကမ္ဘာမြေက သင်အတွက် အသေခံခဲ့သလား။ ကမ္ဘာမြေက

သင့်အပြစ် များကို ဖုံးအုပ်ထားသလား သို့မဟုတ် သင့်ရဲ့ နှလုံးကို ပြောင်းလဲခဲ့သလား။ ကမ္ဘာမြေက သင့်ကို ကောင်းကင်နိုင်ငံသို့ သယ်ဆောင်သွားမည်လား။ မဟုတ်ပါ- သင် ကမ္ဘာမြေသို့ ပြန်သွားလိုက ပြန်သွား နိုင်တယ်။ သို့သော် သင်၏ သနားစရာကောင်းတဲ့ ဝိညာဉ်ကိုသာ သူက ဖျက်ဆီးပြစ်နိုင်တယ်။ သင်သည် ပျော်ရွှင်တဲ့ အသက်တာ၌ ကြာရှည်စွာ နေခဲ့ပြီမဟုတ်လား။ ခရစ်တော်၏ ခွင့်လွှတ်ခြင်းနှင့် အသစ်သောနှလုံးသားအတွက် ပျော်ရွှင်မှုများကို လာ၍စမ်းကြည့်ပါ။ ကျွန်တော်က ကခုန်းခြင်း (သို့) မည်သည့်လောကီနှင့်ဆိုင်သော ပျော်ရွှင်မှုသို့ နှစ်ပေါင်းများစွာ မသွားဘဲနေခဲ့သည်။ သို့သော်လည်း ကျွန်ုပ်၏တရက်တာအတွက် ပို၍ သင်တသက်လုံး ပျော်ရွှင်ခဲ့သည်ထက် ပျော်ရွှင်ခဲ့သည်။ ဘာအတွက် ကြောင့်လဲ၊ ဟု သင်မေးမည်။ ဘုရားသခင် ကျွန်ုပ်ကို ချစ်တယ်- ခရစ်တော် ကျွန်ုပ်ကို ဆေးကြောခဲ့တယ်- ဟု ခံစားရပြီး ဆိုးသွမ်းယုတ်မာသော သူများ ငရဲကျချိန်တွင် ကျွန်ုပ်ကောင်းကင်နိုင်ငံ၌ ရှိနေမည် ဟု ခံစားရသောကြောင့် ဖြစ်သည်။ ''တန်တိုင်းတော်တို့ အတွင်း၌ နေသောတရက်သည် အခြားအရပ်၌နေသော အရက်တထောင်တက် သာ၍ကောင်း၏။'' (ဆာလံ ၈၄း၁၀) အကယ်၍သင်သည် ခရစ်တော် မပါဘဲ သေပါက ပြောင်းလဲခဲ့သောသူ ဖြစ်၍ ယုံကြည်သောအဖြစ်နှင့် သေရန်သင် မပြန်လာ နိုင်ပါ။

သင်သည် တခါသာ သေရမည်။ အို-သေခြင်းက သင့်ကိုမတွေ့ခင် ခရစ်တော်ကို သင်တွေ့နိုင်ရန် ဆုတောင်းပါ။

M' Cheyne သည် အလုပ်များသော သင်းအုပ်ဖြစ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောကြားသောသူ တဦးအဖြစ် အများကလိုလားကြသည်။ သို့သော်လည်း သူသည် ဧဝံဂေလိတရားကို ပိုင်ဆိုင် သော သူတဦးအဖြစ် လူကိုမှုများသော တံငါတဦး ဖြစ်စေခဲ့သည်။ သူသည် တရားဟောရန်လေ့လာခြင်းကို အချိန်ယူခဲ့သော်လည်း ဧဝံဂေလိကို ပြုလုပ်ရန်အတွက် မပျက်ကွက်ပါ။ သူရှင်ခဲ့သော အသက်တာသည် ဘုရားသခင် အပြစ်သားများအား ကယ်တင်ရန် မျှော်လင့်ခြင်းပင် ဖြစ်သည်။

M' Cheyne ၏အသက်တာသည် ကျွန်ုပ်တို့ကို နှိမ့်ချခြင်း ရှိသင့်ရန်နှင့် ကျွန်ုပ်တို့၏ ဝိညာဉ်ရေး အားနည်းခြင်း၊ ဘုရားသခင်ပြုလုပ်ပေးနိုင်သော ကြီးမြတ်သောအရာပေါ်၌ ယုံကြည်ခြင်း မရှိခြင်းအတွက် ကျွန်ုပ်တို့ နောင်တရရန် ခေါ်နေသည်။

ဇူလိုင် ၂၀၁၀ ၏ The Gospel Witness စာစောင်

# လူသားအသက်တာအား အထွက်အမြတ်ထားခြင်း

(SANCTITY OF HUMAN LIFE)

America ၌ နှစ်စဉ် ဇန်နဝါရီလ သုံးပတ်မြောက် တနင်္ဂနွေနေ့ကို လူသားအသက်တာအား အထွတ်အမြတ် ထားသော (Sanctity of Human Life Sunday) တနင်္ဂနွေအဖြစ် သတ်မှတ်ခဲ့သည်။ သမ္မတ Ronald Reagan က နိုင်ငံတော်၏ လူသား အသက်တာအား အထွက်မြတ်ထားသောနေ့ ဇန်နဝါရီလ ၁၉၈၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းကို လူသိရှင်ကြား ထုတ်ပြန်ခဲ့သည်။ ဤစကားများလည်း ပါဝင်ပြောဆိုခဲ့သည်။

''အမေရိကန်လူမျိုးများ အနေနှင့် လွတ်လပ်ခြင်း များနှင့် တန်ဘိုးရှိခြင်းများကို နှစ်သက်သောသူများ ဖြစ်သည့်အလျောက် လူသားအသက်တာအား အထွက်အမြတ် ထားခြင်းသည် ကျွန်ုပ်တို့၏ အခြေခံကျသော ဆက်ကပ်အပ်နှံခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ လွတ်လပ်ရေး ကြေငြာခြင်းသည် မှန်ကန်သော လူ့အခွင့်ရေး ဖြစ်သည်။ ဤအရာသည်လည်း ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်သည် လူသားအားလုံးအပေါ် အကြီးအငယ်မရွေး အမြတ်အလှမရွေး ပေးလှူသော အရာတခုဖြစ်သည်။''

''ကျွန်ုပ်တို့အဖို့ မပြတ်နိုင်သော လူ့အသက်တာ၏ ဆုကျေးဇူးကို ပေးထား ခဲ့ပြီ။ ကျွန်ုပ်တို့ မွေးဖွားခြင်း များ၌သော်၎င်း လွတ်လပ်သောနိုင်ငံသို့ ဘုရားဖူး အတွက်ခြင်း၌သော်၎င်း ပိုမိုတန်ဘိုး ရှိစေသည်။ အမြင့်ဆုံးတရားရုံး၏ ဆုံးဖြတ်ချက်တွင် Roe. V. Wade က ပြည်နယ်၌ ဓလေ့ဖျက်ချခြင်းကို ဆန့်ကျင်သော ဥပဒေများ ပယ်ဖျက်ခဲ့ခြင်းကြောင့် ဤကောင်းကြီး များအပေါ် ကျွန်ုပ်တို့ကို ရောင်ပြန်ဟပ်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့နှင့် သက်ဆိုင်သော တာဝန်များမှာ ကျွန်ုပ်တို့အားအနည်းဆုံး လူသားများနှင့် သူတို့၏အသက်တာများ လွတ်လပ်မှုများကို အချင်းချင်း ကြည့်ရှုစောင့်ရှောက် ကြရန်ဖြစ်သည်။

ဤနှစ် Sanctity of Human Life Sunday သည် ဇန်နဝါရီ ၁၅၊ ၂၀၁၇တွင် ဖြစ်သည်။ ဤနေ့ရက်သည် ယုံကြည်သူများအတွက် အထူးနေ့ရက်ဖြစ်သည်။ ''အသက်တာအတွက် ဘုရားသခင်၏ ဆုကျေးဇူး၊ ကလေးများ ဖျက်ချခြင်းအားဖြင့် ပြောက်ဆုံးခဲ့သော အသက် များစွာအတွက် သတိရအောက်မေ့ခြင်းနှင့် လူသားအသက်တာကို နေရာတိုင်း၌ အကာအကွယ် ပေးရန် မိမိတို့ကိုယ်ကို ဆက်ကပ်အပ်နှံခြင်းအတွက် ကျင်းပခြင်းဖြစ်သည်။

''ကိုယ်တော်သည် ကျွန်ုပ်တို့၏ ကျောက်ကပ်ကိုပင် ဖန်ဆင်း၍၊ အမိဝမ်းထဲမှာ အကျွန်ုပ်ကို အုပ်တော်မူပြီ၊ အကျွန်ုပ်သည် ကြောက်မက်ဘွယ်သော လက္ခဏာ၊ ထူးဆန်းသော လက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍၊ ကိုယ်တော်ကို ချီးမွမ်းပါမည်။ ပြုပြင်တော်မူသော အမှု တို့သည် အံ့ဩဘွယ်ဖြစ်ကြောင်းကို အကျွန်ုပ်၏ စိတ်ဝိညာဉ်သည် အမှန်သိ၏။'' (ဆာလံ ၁၃၉း၁၃-၁၄)

တန်ဘိုးရှိသော အသက်တာအသစ်၏ ဆုကျေးဇူးအတွက် ဘုရားသခင်ကို ချီးမွမ်းပါ။ အမြင့်ဆုံးသော တရားရုံးရှိ တရားသူကြီးများ၏ နှလုံးသား များကို ပြောင်းလဲပေးခြင်းဖြင့် Roe. V. Wade ၏ ကလေးများ ဖျက်ချခြင်း ဥပဒေအား တရားမဝင်စေရန်အတွက် ဆုတောင်းပါ။ အမြင့်ဆုံး တရားရုံး၏ တရားသူကြီးများသည် မမွေးဖွားသေးသော အသက်တာများကို ကာကွယ်ပေးရန် ဆုတောင်းပါ။ နိုင်ငံတော်၊ ပြည်နယ်နှင့် ဒေသခံ ခေါင်းဆောင်များ၊ မမွေးဖွားသေးသော သူများ၏ ရပိုင်ခွင့်များအတွက် အတိုက်အခံ လုပ်ပေးနေသော အခြားသူများအတွက် ဆုတောင်းပါ။ အကြပ်အတည်း ရှိနေသော ကိုယ်ဝန်ဆောင်ဌါနများ (Crisis Pregnancy Centers) နှင့် အကြပ်အတည်း အခြေနေများတွင် ရှိနေသော အမျိုးသမီးကြီးများအား ကူညီပေးနေသော အခြားအဖွဲ့အစည်းများအတွက် ဆုတောင်းပါ။ မွေးစားခြင်းနှင့်ဆိုင်သော ကိုယ်စားလှယ် လုပ်ငန်းများသည် သူတို့လက်ထဲ၌ရှိနေသော ကလေးသူငယ်များအတွက် ချစ်ခြင်းမေတ္တာရှိသော မိသားစုများကို ရှာနေခြင်းအတွက် အောင်မြင်ရန် ဆုတောင်းပါ။

## ညှင်းပန်းနှိပ်စက်ခြင်း ခံရသူများအတွက် ဆုတောင်းခြင်း

(PRAYER FOR THE PERSECUTE)

သင်သည် ညှင်းပန်းနှိပ်စက်ခြင်း ခံရသော ခရစ်ယာန်၌ ညီအစ်ကို မောင်နှမများအတွက် ဆုတောင်းသောအခါ (Voice of Mrytrs, Canada) ဤကဲ့သို့ ခွန်အားပေးထားသည်။ ''ကျွန်ုပ် တို့၏ ဆုတောင်းသံများသည် ကမ္ဘာပေါ်၌ ညှင်းပန်းနှိပ်စက် ခံရသော မိသားစု၏ မျက်နှာများအပေါ် သူတို့၏ သူတို့၏ စိတ်ဓာတ်ကျဆင်းနေခြင်း အခြေအနေ များကို ပေါ်လွင်ထင်ဟပ် စေနိုင်သည် (သို့) ကောင်းကင် နိုင်ငံတော်၏ ကိုယ်စားသူတို့ အောင်မြင် နေခြင်း'' ဖြစ်သော အောင်နိုင်ခြင်းများကို ရရှိခဲ့သည်။

''ကျွန်ုပ်တို့ ညီအစ်ကို မောင်နှမများ အကျဉ်း ထောင်၌ ရှိစဉ် ထိုဆုတောင်းသံကို ကျွန်ုပ်တို့ တောင်းခဲ့သည်။ ဘုရားသခင်က သူ၏ နိုင်ငံတော် သို့ ရှေ့ဆက်သွားရန်အတွက် ဘုရားသခင် အာဏာ အပ်နှင်းမည်။ သူတို့ကို ညှင်းပန်း နှိပ်စက် နေသောသူများ ဘုရားသခင်၏ ဘုန်းတော်ကို မြင်သောအခါ အံ့ဩတကြီးနှင့် သူတို့မျက်နှာများကို

ဝပ်လျက်ရှိရန် ကျွန်ုပ်တို့ ဆုတောင်းနိုင်သည်။ ယုံကြည်သူများအဖြစ် သူတို့သည် အေးစက်သော အမှောင် အခန်းငယ် လေးထဲ၌ ထိုင်၍ မိမိတို့၏ ခရစ်တော်ထံသို့ ချီးမွမ်းသီချင်းများ ဆိုကြမည်။ ယုံကြည်သူ များ၏ အိမ်အသင်းတော် ခေါင်းဆောင်များ အကျဉ်းခံ ရစဉ် သူတို့ရဲရင့်ခြင်း တိုးပွားလာရန် ကျွန်ုပ်တို့ ဆုတောင်းပေးနိုင်သည်။

သူတို့သည် ယေရှုအပေါ်၌တစိုက်မတ်မတ်ကြည့်ရန် သူတို့၏ ယုံကြည်ခြင်း၌ ကြိုးစားအားထုတ်ရန်နှင့် မမောပန်းဘဲ သို့မဟုတ် စိတ်မပျက်ရန် ဆုတောင်းပါ။ (ဟေဗြဲ ၁၀း၃၂-၃၉၊ ၁၂း၁-၃) ဆင်းရဲဒုက္ခ ခံစားရခြင်းများ များသည်နည်းတူ ခရစ်တော်၌ ခံရသော သက်တာခြင်းသည် လိုအပ်သည်ထက် ပိုစေမည်။ (၂ကော ၁း၅)

ဘုရားသခင်သည် ယုံကြည်သူ စိတ်နှလုံးများ၏ ငြိမ်သက်ခြင်းကို နားလည်သဘော ပေါက်ခြင်းထက် သာလွန်လျက် ပေးရန် ဆုတောင်း (ဖိလိပ္ပိ ၄း၇) ၍ ကိုယ်တော်သည် သူတို့ကို ခွန်အားပေး၍ ကယ်လွှတ်မည်။(၂ကော ၁း၉-၁၁)

ညှင်းပန်းနှိပ်စက်ခြင်း ခံရသူများအတွက် သင်ဆုတောင်းသောအခါ အရီတြီယား (Eritrea) နှင့် ပါကစ္စတန် (Pakistan) နိုင်ငံအတွက် ဆုတောင်းပေးရန် ကျေးဇူးပြု၍ သတိရကြပါ။ Voice of Martyrs နှင့် Open Doors မှ စုစည်းထားသည့် သတင်းအတိုင်း ၂၀၀၀ နှင့် ၃၀၀၀အကြား ခရစ်ယာန်များတို့သည် အရီတြီးယား တောင်များ၌ အကျဉ်းခံနေရသည်။ အချို့သောသူများသည် သတ္တု- ကုန်တင်သင်္ဘော ပူလောင်နေသော အခန်းထဲ၌ ထိန်းသိမ်းခံခဲ့ရသည်။ ၂၀၁၆ခုနှစ် Open Doors World Watch List ထဲ၌ Eritrea သည် တတိယအဆင့်လိုက်သည်။ ကမ္ဘာပေါ်၌ အဆိုးဆုံး တိုင်းပြည်များတွင် ခရစ်ယာန်များအား ညှင်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းများ၏ အဆင့် ၅၀မြောက်ရှိသည်။

ပါကစ္စတန်သည် ကမ္ဘာ့စောင့်ကြည့်ရေးစာရင်း (World Watch List) ထဲတွင် နံပါတ်ခြောက်ဖြစ်သည်။ ''ညှင်းဆဲသတ်ဖြတ်ခြင်းသည် ထိုနေရာ၌ နည်းလမ်းများစွာဖြင့် ထင်ရှားသည်။ တခုက လူမှုရေးအဆင့်ပေါ်တွင် ဖြစ်သည်။ ခရစ်ယာန်များကို ဆန့်ကျင်သော ၎င်းတို့၏ ရမ်းကားသော အပြုအမူများအား ယေဘုယျအားဖြင့် တွေ့ရသည်။ ဤအထဲ၌ နေ့စဉ်ခွဲခြား ဆက်ဆံခြင်းနှင့် ကြောက်မက်ဘွယ်သော တိုက်ခိုက်ခြင်းများ ပါဝင်သည်။ ထိုထက်မကပို၍ ကိုယ်ရေးကိုယ်တာ နှင့်ဆိုင်သော အဆင့်လည်းရှိသည်။ ယုံကြည်သူတဦးသည် ခရစ်တော်နောက်သို့ လိုက်ရန် ရွေးချယ်သောအခါ မိမိ၏ မိသားစုနှင့် မိတ်ဆွေများအားဖြင့် ညှင်းပန်းနှိပ်စက်ခံခဲ့ရခြင်းကြောင့် ဖြစ်ပေါ်လာသော အကြောင်းအရာ တခုဖြစ်သည်။

(Mission
Metwork News မှ)

# တန်ဘိုးရှိသော ရတနာတခုနှင့် အပ်နှံခဲ့သည်

Entrusted With A Precious Treasure

ခရစ်တော်သည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်ဟူသော နာမတော်ကို ရထားသော ကျွန်ုပ်တို့ကို ဘဏ္ဍာစိုးအဖြစ် ခန့်အပ်ထားခြင်းအပေါ် မဟာစေခိုင်းချက်၏ စကားများအားလုံးကို ပြည့်စုံစေသော သူများဖြစ်ရန် လိုအပ်သည်။ သို့သော် ဤအရာကို ကျွန်ုပ်တို့၏ အစွမ်းအစနှင့် မပြုလုပ်နိုင်ပါ။ ၎င်းသည် မြင့်မြတ်သော ချစ်ခြင်းမေတ္တာ မပါဘဲ အဓမ္မ ပြုလုပ်၍ မရနိုင်သော ဘဏ္ဍာစိုး တမျိုးဖြစ်သည်။ ကျွန်ုပ်တို့ နဂို မူလ သဘောသဘာဝအရ လူသားအချင်းချင်းတို့၏ ဝိညာဉ်ကို ကယ်တင်ရန် ကြိုးစားအားထုတ်၍ မိမိကိုယ်ကို စွန့်လွှတ်သည်အထိ ဝိညာဉ်၏ ဂရုဏာသည် ကျွန်ုပ်တို့အထဲ၌ မရှိသေးပါ။

ဤအတွက်ကြောင့် တမန်တော် ပေါလုက အဓိက အရေးကြီးဆုံးဖြစ်သော သမ္မာတရားသည် ကျွန်ုပ်တို့ကို ခိုင်းစေသော ခရစ်တော်၏ ချစ်ခြင်းမေတ္တာ ဖြစ်သည့်အကြောင်း အလေးထားပြောခဲ့သည်။ (၂ကော ၅း၁၄) ထို့ကြောင့် ကျွန်ုပ်တို့ နေ့စဉ် အစဉ်အမြဲ ဆုတောင်းရန်လိုသည်။ ယုံကြည်သူတိုင်း၏ အသက်တာနှင့် နှလုံးသားထဲ၌ မြင့်မြတ်သော စေ့ဆော်ခြင်း၊ ကိုယ်တော်၏မေတ္တာတန်ခိုး၊ ပျောက်ဆုံးသူများထံ ဤဂရုဏာတော် ရောက်ရှိရန် ပြုလုပ်သည့် အင်အားရှိကြပါသည်။ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကြောင့်သာလျှင် နှစ်ပေါင်း များစွာအတွင်း ကျွန်ုပ်တို့ အမှုတော်ဆောင်နိုင်ခြင်းကို ဖြစ်စေသည်။ သို့သော် ကျွန်ုပ်တိုသည် ဘုရားသခင်ကို အကြိမ်များစွာ ဤကဲ့သို့ လုပ်ဆောင်ပေးရန် ပျက်ကွက်ခဲ့သည်။

ကျွန်ုပ်တို့သည် နောက်ဆုံးသော ကာလနှင့်လည်း ဘယ်လောက်နီးနေပြီကို မည်သူမျှ မသိနိုင်ပါ။ ကိုယ်တော်ထင်ရှား ပေါ်လာမည့် အချိန်ကိုသာ ကျွန်ုပ်တို့ စောင့်ကြည့်နေရမည်။ မည်ကဲ့သို့ဖြစ်စေ ယုံကြည်သူ ခရစ်ယာန်များသည် ပျောက်ဆုံးနေသူများအား ဧဝံဂေလိ ပြုလုပ်ရန် ကြိုးစားအားထုတ် ရမည်မှာ ကျွန်ုပ်တို့၏ အလုပ်ဖြစ်သည်။ ထိုကြောင့် ပို၍ ယုံကြည်ခြင်းနှင့် ပို၍ဇွဲရှိခြင်းဖြင့် ကိုယ်တော်ပေးသော အမှုတော်ကို ပြည့်စုံစွာ လုပ်ဆောင်နိုင်ရန် ဆုတောင်းကြပါစို့။

- Dale Crowley

# ကယ်တင်ခြင်းသို့ ခြေလှမ်းများ

STEPS TOWARD SALVATION

၁။ သင်သည် အပြစ်သားတယောက် ဖြစ်၍ သေခြင်းနှင့် ထိုက်တန်သည်ကို ဘုရားသခင်ထံ ဝန်ခံပါ။
"လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေ ပျက်ကြပြီ။"
(ရောမ ၃း၂၃)
"အပြစ်၏အခကား သေခြင်းပေတည်း။" (ရောမ ၆း၂၃)

၂။ ဝမ်းနည်းခြင်း၌ သင်၏အပြစ်များမှ လှည့်၍ ဘုရားသခင်ထံသို့ ကိုယ်တော်၏ ခွင့်လွှတ်ခြင်းကို တောင်းခံပါ။ "ဆိုးသောသူသည် မိမိလမ်းကို၎င်း၊ မတရားသော သူသည် မိမိအကြံတို့ကို၎င်း၊ စွန့်ပစ်၍ ထာဝရဘုရား ထံတော်သို့ ပြောင်းလဲပါစေ၊ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ဘုရားသခင်ထံ တော်သို့ ပြောင်းလဲပါစေ၊ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူလိမ့်မည်။"
(ဟေရှာယ ၅၅း၇)

၃။ "ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏၊ သင်္ဂြိုဟ်ပြီးမှ ကျမ်းစာ လာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။" (၁ကော ၁၅း၃-၄)
ထိုအရာကိုယုံကြည်လျက် ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်၍ ကိုယ်တော်ကို သခင်အဖြစ် ဝန်ခံပါ။ "သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက် စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။" (ရောမ ၁၀း၉) "ပေတရုကလည်း သင်တို့၏အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တယောက်မျှမကြွင်း ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကိုခံ ခံကြလော့။" ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့သည် ဗတ္တိဇံကိုခံ၍..." (တမန် ၂း၃၈-၄၁)